
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# သစ်ငုတ်စိုးတဲ့ ပိုးသုည

## တမလွန်နှလုံးသားနှင့်ဝိညာဉ်ချစ်သူ။



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၆၆၀၀၆၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၈၁၆၀၇၁၀
၂၀၁၀ ခုနှစ်၊ စက်တင်ဘာလ - ပထမအကြိမ်
အုပ်ရေ (၅၀၀)၊ တန်ဖိုး (၁၀၀/-)ကျပ်

ထုတ်ဝေသူ
ဦးသစ်လွင်၊ ဂန္ဓဝါမြိုင်စာပေ၊ (မြဲ-၀၉၄၈)၊ အမှတ် ၁၁၃၊
ရွှေပြည်သာလမ်း၊ ၆-ရပ်ကွက်၊ သာကေတမြို့နယ်။

မျက်နှာဖုံးပုံနှိပ်
ဦးကျော်စိန် (၀၂၉၀၉)၊ ကျောက်စိမ်းပုံနှိပ်တိုက်
အမှတ်-၁၇၁၊ ၃၃-လမ်း၊ ကျောက်တံတားမြို့နယ်။

အတွင်းပုံနှိပ်
ဦးမြင့်ဆွေ(၀၃၄၁၆)၊ ကံသာပုံနှိပ်တိုက်၊
အမှတ်(၁၈၂)၊ (၃၁)လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊

ပြည်လုံးကျွတ်ဖြန့်ချိရေး
ရဲရင့်အောင်စာပေ
အမှတ်-၄၉၊ မုန့်ရဝေလမ်း၊ သရာစံမြောက်အရှေ့ရပ်ကွက်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

၈၉၅.၈၃
သစ်ငုတ်စိုးတဲ့ဖိုးသုည
တမလွန်နှလုံးသားနှင့်ဝိညာဉ်ချစ်သူ/သစ်ငုတ်စိုးတဲ့ဖိုးသုည။ ရန်ကုန်၊ ဂန္ဓဝါမြိုင်စာပေ၊ ၂၀၁၀။
၁၂၀-စာ၊ ၁၃၀ x ၂၀၇ စင်တီ။
(၁) တမလွန်နှလုံးသားနှင့်ဝိညာဉ်ချစ်သူ

## ပါဝင်သောအခန်းများ

အခန်း ၁။ နှလုံးသားမဲ့အလောင်း
အခန်း ၂။ ရက်လည်ညှ
အခန်း ၃။ နှုတ်ဆက်သံ
အခန်း ၄။ တစ္ဆေနေတဲ့အခန်း
အခန်း ၅။ အအေးတိုက်
အခန်း ၆။ အစာကျွေးသူ
အခန်း ၇။ ခွေးအူတာကောင်းတယ်
အခန်း ၈။ အလှူမလုပ်ပါနဲ့
အခန်း ၉။ မသာပန်းခြင်း
အခန်း ၁၀။ ဝိညာဉ်မွေးထားသည့်အိမ်
အခန်း ၁၁။ ရသေ့ပြောတဲ့ ပဌာန်းဆက်
အခန်း ၁၂။ သေသူအတွက် အလှူ
အခန်း ၁၃။ သာဓုခေါ်မှာစိုးတယ်
အခန်း ၁၄။ တရားသံကို မကြားချင်ဘူး

ရဲရင့်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com


အခန်း ၁၅။ သူလာနေပြီ

အခန်း ၁၆။ ရင်ခုန်သံတူနေလို့

အခန်း ၁၇။ သူ့ကိုသတ်မယ်

အခန်း ၁၈။ နှလုံးပေးလိုက်သူ


ငြိမ်း

## နှလုံးသားမဲ့အလောင်း

### အခန်း(၁)

ရေဝေးသုသာန် သချိုင်းထဲရှိ အလောင်းပြင်ထားတဲ့ခန်းမထဲကို ခရေ ဝင်လိုက်တာနှင့် အားလုံးရဲ့အကြည့်တွေက ခရေ့ဆီသို့ စုပြုံရောက်လာခဲ့ သည်။

ခရေ ခြေလှမ်းကိုလေးကွေးစွာလှမ်းလာပေမယ့် သူလှမ်းသည့်ခြေလှမ်း နှင့် ဘေးကတစ်ယောက်တစ်ပေါက်ပြောဆိုသံတို့ကို လုံးဝမကြား ...

ခရေ့ဘေးမှာတော့ နီလာနှင့်ကေခိုင်တို့က ဘေးတစ်ဖက်ဆီမှပါလာ သည်။

ခရေ့မျက်နှာမှာ ဘာမှခြယ်သထားခြင်းမရှိ။

နီရဲနေသော မျက်လုံးထဲကနေ မျက်ရည်တို့မကျအောင် ထိန်းထားရင်း မှပင် တလိမ့်လိမ့်ကျလို့နေသည်။

အလောင်းကိုခမ်းနားစွာပြင်ဆင်ထားသလို မှတ်တမ်းတင်ဓါတ်ပုံသမား

ရွှေရင့်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



တို့က တဖျပ်ဖျပ်ရိုက်လို့နေသည်။

"ခရေစိတ်မလွတ်စေနဲ့နော်"

နီလာရဲ့လေသံတိုးတိုးက ခရေကိုသတိပေးလိုက်သည်။ အလောင်းရဲ့ဘေးတွင်လည်း ရွှေရောင်ခေါင်းတစ်လုံးရှိနေသည်။

ဒီခေါင်းနဲ့ တမလွန်ကို မောင့်ကိုခေါ်သွားမှာလေ "မောင်" ခရေအသည်းနှင့်အောင်ချစ်ရတဲ့ ချစ်သူ ...

စိတ်ထားနူးညံ့သိမ်မွေ့လှသလို ချစ်တတ်လွန်း၊ ကြင်နာတတ်လွန်းတဲ့ မောင့်ကို ခရေ အချိန်ပိုင်းမျှသာတွေ့ရတော့မည်လေ ...

ခရေ တဖြည်းဖြည်းနှင့် မောင့်အလောင်းဘေးရောက်လာတော့ အလောင်းဘေးက လူတချို့က အလိုက်တသိနှင့်ဖယ်ပေးကြသည်။

မောင်ရဲ့မေမေက ခရေကိုတစ်ချက်လှမ်းကြည့်လိုက်ပြီး ...

"ခရေ သမီးချစ်သူကိုကြည့်ပါဦး ... သူ့ အန်တီတို့အားလုံးကို မကြာခင်ထားခဲ့တော့မှာလေ"

"မောင်ရယ်"

ငြိမ်သက်တိတ်ဆိတ်နေသော မောင့်ရဲ့ခန္ဓာကိုယ်ပေါ်တွင် နှင်းဆီပန်းတို့ အပြည့်ဖုံးထားသည်။ မောင့်ရဲ့မျက်နှာဝန်းကျင်မှာတော့ ခရေပန်းတို့ဖြင့် လှပစွာပြင်ဆင်ထားသည်။

မောင့်မေမေရဲ့ အလိုက်သိတတ်မှုပေမယ့် ခရေ့အတွက်တော့ ရင်ထဲနင့်သွားသည်။

"ခရေ ... ဘာလုပ်နေတာလဲ၊ ငိုချင်ငိုချလိုက်လေ အားရပါးရငိုလိုက်စမ်းပါ ခရေရယ်"

မောင့်အလောင်းကို ကြောင်ငေးကြည့်နေတဲ့ ခရေကို အားမလိုအားမရ





ဖြစ်နေတဲ့ ကေခိုင်က သတိပေးလိုက်သည်။

"ခရေ ရင်ထဲမှာအရမ်းကျပ်နေမယ် ငိုသာငိုလိုက်စမ်းပါ ... နင်လွတ်လွတ်လပ်လပ်ငိုလို့ရပါတယ်"

မောင့်ရဲ့ နှုတ်ခမ်းလေးက အသက်ရှင်စဉ်ကအတိုင်း ပြုံးတော့မလိုလိုနှင့် လှပနေဆဲပဲလေ ...

ဖြောင့်ဆင်းနေတဲ့ဆံပင်တို့ကို ယုယစွာနှင့် ခရေ လက်နှင့်ထိုးဖွပေးလိုက်သည်။

"ဟင်"

အေးစက်ခြောက်ကပ်နေတဲ့ ဆံနွယ်တို့၏အထိအတွေ့ကြောင့် ခရေလန့်လို့သွားသည်။

"သားကို အအေးတိုက်မှာ သေတဲ့နေ့ထဲက ထားတာလေ ... ပြီးတော့ သားမှာနှလုံးမရှိတော့ဘူး"

ခရေသိတယ် မောင့်အလောင်းမှာ နှလုံးသားမရှိတော့တာ ခရေ သိတာပေါ့ ... မောင့်နှလုံးသားကလည်း အခုချိန်မှာ ဘယ်သူ့ဆီရောက်နေလဲ ခရေအသိဆုံးပါ ...

"ခရေ ... နင်မငိုဘူးလား"

"ဟင့်အင်း"

ခရေ ခေါင်းကိုအသာခါလိုက်၏။ ပြီးတော့ ...

"ငါ ... မငိုဘူး နီလာ၊ မောင်ဟာ ငါ့အတွက် ဘယ်တော့မှမသေဘူး မောင့်နှလုံးသားက လူ့လောကမှာရှင်သန်နေတုန်းပဲလေ"

"သူငယ်ချင်းရယ်"

နီလာနှင့်ကေခိုင်တို့က ဘယ်လိုမှစိတ်မကောင်းနိုင်ကြ၍ မျှော်[illegible]



www.burmeseclassic.com

www.burmeseclassic.com



ထက်လာကာ တရှုံ့ရှုံ့နှင့်ငိုနေကြသည်။

"ခရေ … သားကို အခေါင်းထဲထည့်ဖို့ အချိန်ရောက်ပြီ"

"ဟင်"

မောင် သွားတော့မှာပေါ့ ဘယ်လိုမှမယုံနိုင်စရာ။ လူတချို့က မောင့်အလောင်းဘေးကိုရောက်လာ၍ အလောင်းအောက်တွင်ခင်းထားသည့် ပိတ်ဖြူစကိုမတာ အခေါင်းထဲသို့ထည့်ရန်ပြင်လိုက်စဉ် …

"ခဏလေး"

ခရေ … မတိုးမကျယ်အသံနှင့်တားလိုက်သည်။ ပြီးတော့ မောင့်ရဲ့ မျက်နှာနားတိုးကပ်၍ …

"ခရေ … မောင့်နှလုံးသားကို အမြဲစောင့်ရှောက်နေမှာပါ"

ပြောပြီးနောက်သို့ ဆုတ်ပေးလိုက်သည်။ အားလုံးကတော့ ခရေ အလောင်းကိုနမ်းသည်ဟု ထင်လိုက်ကြသည်။

အခေါင်းထဲကို အေးအေးဆေးဆေးရောက်သွားတဲ့ မောင့်အလောင်းကို အခေါင်းဘောင်ပေါ်မေးတင်ကာ ခရေ တစိမ့်စိမ့်ကြည့်နေသည်။

မောင့်မေမေကတော့ ခရေ့ဘေးမှာ ယူကြုံးမရ ငိုကြွေးခြင်းနှင့်ငိုနေလေသည်။

"ဖယ်လိုက်ကြတော့ အခေါင်းပိတ်မယ် သင်္ဂြိုဟ်ဖို့အချိန်ရောက်ပြီ"

အသံကျယ်ကျယ်နှင့် ယောကျ်ားတစ်ဦးကပြောလိုက်ရာ …

"အမလေး … သားကိုခေါ်သွားကြတော့မှာလား"

မောင့်မေမေရဲ့အသံ ခန်းမတစ်ခုလုံး ဖုံးလို့သွားတော့သည်။

"ဒုဝေ … ဝေ"

ကြေးစည်သံက ခရေ့ဘဝအတွက်အထိတ်လန့်ဆုံး၊ ကြောက်စရာ





အကောင်းဆုံးနှင့် ကြာခင်ဆုံးရှုံးရတော့မယ့် မောင့်ကိုခေါ်သွားကြဖို့ သတိပေးလိုက်တာမို့ အသံလာရာကိုကြည့်လိုက်မိသည်။

ခရေ အလောင်းဘေးမှာ ဒူးထောက်ထိုင်ချလိုက်သည်။ လက်အစုံရှိ၍ မောင့်ကိုရိုသေစွာ ဦးချရှစ်ခိုးလိုက်၏။

မောင့်သူငယ်ချင်းတွေ အမျိုးတွေကတော့ မောင့်အလောင်းကိုထည့်ထားသည့်အခေါင်းကို အလောင်းပြင်ခုတင်မှ တွန်းလှည်းပေါ်တင်လိုက်ကြသည်။

"မောင်တကယ်သွားတော့မှာလား"

ဆိုသည့်အသိကြောင့် ရင်ကိုလှပ်ခနဲဖြစ်သွားသည်။ ခန်းမထဲမှလူများ ကိုယ်စီမတ်တတ်ထရပ်လိုက်ကြပြီး မောင့်ကိုသင်္ဂြိုဟ်ဖို့အတွက် လိုက်ပို့ဆောင်တော့မည်။

"နီလာ … မောင် ငါ့ကိုထားသွားတော့မယ်"

"ခရေရယ် … စိတ်ကိုထိန်းစမ်းပါ … ဒီလိုအဖြစ်မျိုး လူတိုင်းတစ်နေ့ကြုံကြမှာပဲ"

"ငါ … မယုံဘူး … လုံးဝမယုံဘူး"

"ခရေ … "

တစ်ကိုယ်လုံးလေထဲသို့ လွင့်မတတ်ဖြစ်သွား၏။ အလောင်းတွန်းသွားသည့်လှည်းနောက်မှ တွန်းရှဲလိုက်သွားပါသည်။

"ဒူ … ဝေ … "

ကြေးစည်သံ၊ ငိုသံတွေ၊ လူတွေပြောဆိုနေသံတွေ ဘာတစ်ခုမှကို မကြားမိတော့ …

သင်္ဂြိုဟ်စက်ရှေ့ရောက်တော့ တာဝန်ရှိသူတစ်ဦးက …

"ကြည့်ဦးမလား … နောက်ဆုံးကြည့်ခြင်းပဲ"



www.burmeseclassic.com

www.burmeseclassic.com



မောင့်မေမေနှင့် ခွေမျိုးတွေက မောင့်အခေါင်း ၃၊ ဖုံးလုပ်ထားသည့် မောင့်မျက်နှာကို နှမြောတသစွာကြည့်နေချိန်မှာ ခရေကတော့ကြောင်ငေးကာ ဆွေဆွေလေးကြည့်နေမိသည်။

''မောင်ရယ်''

မောင့်မျက်နှာဘေးက ခရေပန်းကုံးလေးကိုယူလိုက်ပြီး လက်ထဲဆုပ်ထားလိုက်၏။

''ဖယ်ကြတော့ ... ဖယ်''

လူတွေအားလုံး နောက်ဆုတ်လိုက်ကြသည်။ အထဲက သင်္ချိုင်းစက်နန်းမ သံတံခါးပွင့်လာပြီး မောင့်ကိုအထဲသို့တွန်းထည့်လိုက်ကြသည်။

ခရေလည်း မောင့်ကိုတင်ထားသည့် လှည်းနောက်ကနေ ကပ်ပါလိုက်သွားသည်။

နီလာနှင့်ကေခိုင်က ...

''ဟဲ့ ... ခရေ လိုက်မသွားနဲ့''

''ကျိမ်း ... ''

သူတို့ပြောတာနောက်ကျလို့သွားသည်။ ခရေကအထဲသို့ရောက်သွားသည်နှင့် သံတံခါးကြီးကိုဆွဲပိတ်လိုက်ကြ၏။

အထဲတွင် မီးခိုးများ ညှော်နံ့များနှင့် နံစော်လို့နေပေမယ့် မောင့်ကိုနောက်ဆုံးမြင်ရသည့်အချိန်ထိသူကြည့်ချင်သည်လေ။

''ကလေးမ ဒီအထဲကို မိန်းကလေးတွေဝင်ခွင့်မပေးဘူး၊ ဘာလို့ဝင်ပိုက်လာတာလဲ''

''ခရေ့ချစ်သူကို နောက်ဆုံးအချိန်ထိတွေ့ချင်လို့ပါ ... ''

''ဟား ... ဟား ... ဟား''





ရုပ်ဆိုးလှသည့်လူကြီးက တဟားဟားဟား ရယ်မောသံကိုကြားရတော့ ခရေ လန့်လို့ပင်သွားသည်။

မီးစက်တံခါးကို ဖွင့်လိုက်တော့ အရှိန်ပြင်းလှတဲ့ မီးတွေတောက်လောင်နေလိုက်တာ တရှူးရှူးတရှဲရှဲ။

''သွင်းလိုက်တော့''

ဝန်ထမ်းနှစ်ဦးက အလောင်းထည့်ထားသည့် အခေါင်းကိုမရှိ မီးတောက်တွေထဲကို ထိုးထည့်လိုက်လေသည်။

''ကျိမ်း ... ''

ထိုမြင်ကွင်းကို ခဏတာလေးပဲတွေ့လိုက်ရပြီး သံတံခါးဆွဲပိတ်လိုက်သည်။

''မောင်''

ခရေ အားရပါးရ ဟစ်အော်လိုက်၏။ သင်္ချိုင်းစက်ထဲမှာ ခရေ့ရဲ့အသံက ပဲ့တင်ထပ်လို့နေသည်။

မီးခိုးငွေ့တွေကလည်း မှုန်ထူစွာလွှမ်းဖုံးသွား၏။

''မောင်''

အာခေါင်ခြစ်ကာ လှမ်း၍ထပ်အော်လိုက်သည်။

ပျောက်ခွေသွားတဲ့ ခန္ဓာကိုယ် မဲမှောင်သွားတဲ့မြင်ကွင်းတွေနှင့်အတူ ခရေ သိမ့်ကျသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုးနာရီကျော်ပြီ ငါအိပ်တော့မယ်၊ မနက်အလုပ်သွားရဦးမယ်"

"နီလာလည်း အိပ်ချင်အိပ်တော့ ငါဆယ့်နှစ်နာရီကျော်မှအိပ်မယ်၊ ငါ မောင့်ကို စောင့်နှုတ်ဆက်လိုက်ဦးမယ်"

"အေးလေ ... နင့်သဘောပဲ"

နီလာနှင့်ကေခိုင်က အခန်းထဲသို့ဝင်သွားသည်။ ခရေတစ်ဦးတည်းသာ ဧည့်ခန်းတွင်ကျန်ခဲ့သည်။

ခရေ့မိဘတွေက ရှမ်းပြည်နယ်ဘက်ကဖြစ်ပြီး ငွေကြေးကြွယ်ဝချမ်းသာသူများဖြစ်သည်။ ခရေ ဆယ်တန်းအောင်တော့ ရန်ကုန်တွင်ကျောင်းလာတက်သည့်အတွက် အခုနေသည့် အိမ်နှင့်ခြံကို ဝယ်ပေးထားခြင်းဖြစ်သည်။

အဖော်အဖြစ် ဦးစိုင်းနှင့် ဒေါ်နန်းမွှံဆိုသည့် လူယုံနှစ်ယောက်ကို ထည့်ပေးလိုက်သည်။

ဦးစိုင်းတို့ လင်မယားမှာ ခြံထဲတွင် သစ်သားအိမ်လေးတစ်လုံးနှင့်နေပြီး တိုက်အိမ်မှာတော့ ခရေတစ်ယောက်တည်းသာနေသည်။

နောက်တော့ _ နယ်မှကျောင်းလာတက်သည့် နီလာနှင့် ကေခိုင်ကို အိမ်မှာပင်ခေါ်ထားလိုက်သည်။ ကျောင်းပြီးတော့ ခရေက အခြားသင်တန်းများ ဆက်တက်သော်လည်း နီလာနှင့်ကေခိုင်က ကုမ္ပဏီတစ်ခုတွင် အလုပ်ဝင်လုပ်ကြသည်။ အဖော်မင်သောခရေက နီလာနှင့်ကေခိုင်တို့ကို အိမ်မှာပင်ဆက်ခေါ်ထားသည်။

ခရေ တက္ကသိုလ်ရောက်ပြီး ဒုတိယနှစ်ရောက်တော့ သက်တန့်ဆိုသည့် မောင်နှင့်ရင်းနှီးခဲ့သည်။ အချိန်သိပ်မကြာခင်မှာပဲ ချစ်သူတွေဖြစ်သွားခဲ့ကြသည်။

သက်တူရွယ်တူတွေမို့ တစ်ယောက်နှင့်တစ်ယောက် ထွေးထွေးချစ်ခဲ့ကြသည်။

---





အခန်း (၂)

ရက်လည်ညရောက်တော့ _

နာရေးအိမ်မဟုတ်ပေမယ့် ခရေ တစ်အိမ်လုံးရှိတံခါးများကို အကုန်...

...ထားသည်။

'မောင် _ ငါ့ဆီလာမှာပဲ' ဆိုတဲ့ အသိကခေါင်းထဲမှာရှိနေသည်။

"ခရေ _ နင်ဘာတွေလိုက်လုပ်နေတာလဲ တံခါးတွေပိတ်သားလေ"

"နင် _ ဘာမှမသိပါဘူး နီလာရယ်၊ ဒီည မောင် ငါ့ဆီလာမျှင်လာ...

...မှာ"

"ဟင်း"

နီလာက သက်ပြင်းရှည်ကြီးကိုချလိုက်တယ်။ သူတို့ ခရေကို ဘာမှ...

...တော့ _ ခရေ့ခံစားချက်ကိုနားလည်တာလည်းဖြစ်နိုင်၏။

...ပါက _

www.burmeseclassic.com



သက်တန့်မိဘတွေကလည်း ဥစ္စာခနလွန်ကဲစွာချမ်းသာကြသည်။ မြင်မှာ နိုင်ငံခြားမှာပင် ကုမ္ပဏီကြီးတစ်ခုကို အစုရှယ်ယာ အများဆုံး ပိုင်ဆိုင်ထားသည်။

ခရေနှင့် ချစ်သူတွေဖြစ်တာကို သဘောတူလက်ခံကြသလို ခရေကိုလည်း သမီးတစ်ယောက်လိုချစ်ကြ၏။

သက်တန့်၏အားနည်းချက်မှာ သူတစ်ပါးကိုလွန်ကဲစွာ သနားငဲ့ညှာတတ်ခြင်းဖြစ်သည်။

"သမီး ... မအိပ်သေးဘူးလား"

"ရှင် ... "

အတွေးလွန်နေသော ခရေကို ဦးစိုင်းသတိပေးလိုက်တော့ ခရေ လန့်လို့သွားသည်။

"ဦးစိုင်း ခြံထဲလိုက်ကြည့်ပြီး ညဉ့်ခန်းမှာမီးရောင်တွေ့လို့ လာမေးတာ"

"မအိပ်ချင်သေးဘူး ဘာဘာရယ်၊ ခရေ မောင့်ကို စောင့်ကြည့်နေတာ၊ မောင်များ လာနှုတ်ဆက်မလား မသိဘူးနော်"

"သမီးရယ် ... "

ဦးစိုင်းက ခရေရှေ့ ဆိုဖာထိုင်ခုံတွင် ဝင်ထိုင်လိုက်ပြီး ...

"ဦးစိုင်းကို ခရေ မေးမလို့"

"ဘာများလဲ သမီး"

"သေသွားတဲ့လူတွေရဲ့ဝိညာဉ်ဟာ သူတို့သွားချင်ရာကို သွားလို့ရလားဟင်"

ခရေပြောတာကို ဦးစိုင်းက တွေတွေကြီး စဉ်းစားလိုက်သည်။ ပြီးမှ ...





"သူတို့လောကမှာ စည်းဆိုတာရှိတယ်၊ အကြောင်းတိုက်ဆိုင်ရင်တော့ မြင်တွေ့ရနိုင်တယ် ... သွားတာ လာတာကတော့ ဖိတ်တဲ့လူကဖိတ်မှရမယ် ထင်တယ်၊ ဒါကလည်း မလွယ်လောက်ပါဘူး"

"ဖိတ်လို့ရတယ်ဆိုရင် ခရေ မောင့်ကိုဖိတ်လိုက်မယ် ..."

"မဟုတ်တာ သမီးရယ် ... မိသားစုတွေထဲမှာသေရင် သရဲ၊ တစ္ဆေ ဆိုပြီးကြောက်နေကြတာ"

ခရေ့မျက်လုံးတွေက အရောင်လက်စွာတောက်ပလာသည်။

"မောင် ...တစ္ဆေဖြစ်သွားလို့ ဘယ်သူမှလက်မခံရင်နေ ခရေ လက်ခံတယ်၊ ခရေ့အနားမှာ မောင့်ကိုခေါ်ထားမယ်"

"သမီး ...စိတ်အစွဲတစ်ခုနဲ့ ထင်ရာလျှောက်မလုပ်ရဘူး ... မဖြစ်သင့်တာတွေ ဖြစ်လာရင် ကိုယ်ပဲဒုက္ခရောက်မယ်"

"ခရေကတော့ မောင့်ကို လုံးဝမပစ်ပယ်ချင်ဘူး၊ မောင် ခရေ့နားမှာ အမြဲရှိကိုရှိနေရမယ်"

ယုံကြည်မှုအပြည့်နှင့် ပြောနေသော ခရေ့ဆန္ဒကို ဦးစိုင်းမကန့်ကွက်ချင်တာကြောင့် ...

"အဘသွားမယ် အိပ်ရေးအပျက်မခံနဲ့၊ သမီးက အားနည်းနေတယ် မလား"

"ရပါတယ် အဘ ...ခရေ နေကောင်းပါတယ်"

"အဘသွားမယ် ..."

"ဟုတ်ကဲ့"

ဦးစိုင်းထွက်သွားတော့ ...ခရေတစ်ယောက်တည်း မောင့်အကြောင်းကို စဉ်းစားလိုက်တယ် ...ရုပ်ရည်ချောမောလှပတာထက် [illegible]



www.burmeseclassic.com

www.burmeseclassic.com



အလေးတစ်ယောက်လို အပြစ်ကင်းတဲ့မောင့်ကို ခရေ ချစ်လို့မဝခဲ့ဘူး။

မောင်ဟာ သူ့အကြောင်းထက် သူများတွေရဲ့အားနည်းချက်ကို ပိုစိတ်ဝင်စားတတ်တာကြောင့် ခရေနှင့် အမြဲပြသနာဖြစ်တတ်သည်။

မောင် _ ထူးထူးခြားခြား သနားကရုဏာသက်သူတစ်ယောက်ရှိတယ်၊ သူ့နာမည်က မင်းသတ္တ ...

အသားအရေက မဖြူမညို ယောက်ျားတစ်ယောက်ရဲ့ ဆွဲဆောင်မှုရှိသည့် အရာတော်တော်များများကို ထိုသူကပိုင်ဆိုင်ထားသည်။

သိပ်အံ့ဩစရာကောင်းတာက ထိုလူမှာ နှလုံးအားနည်းတဲ့ ရောဂါရှိခြင်းပင်ဖြစ်သည်။

မကြာခဏဆိုသလို ဆေးရုံတက်ကုသရသလို သွေးလည်းသွင်းရလေ့ရှိသည်။ ထိုအခါမျိုးတွင် မောင်နှင့်ထိုလူက သွေးအမျိုးအစားချင်းတူတာမို့ မောင်က အမြဲလှူပေးသည်။

အကြိမ်အရေအတွက်အားဖြင့် မနည်းတော့။

မင်းသတ္တဆိုတဲ့လူ၏ခန္ဓာကိုယ်တစ်ခုလုံးတွင် မောင့်ရဲ့သွေးတွေသာ ရှိနေလေသည်။

"တူ ...တူ ...တူ ..."

ဘေးတွင်ချထားသည့် လက်ကိုင်ဖုန်းကထမြည်လာသဖြင့် ခရေ ကောက်ကိုင်လိုက်သည်။

"ဟဲလို ... ခရေပါ"

"အစ်မ _ နေ့လယ်က သကြိုပ်တဲ့လူအတွက် ဆုတ်ဂူက ဘယ်လိုပုံစံလုပ်မှာလဲ"

"ရှင်"





"အဲဒီလူ ဒုက္ခတော်တော်ပေးတယ်ဗျာ ...သူ့အရိုးကောက်တာ ခြောက်လိုက်တာပြောမနေနဲ့ သူ့အရိုးအိုးကို သီးသန့်ထားထားရတယ်"

"ဖုန်းမှားနေပါတယ်ရှင်"

ကျက်သရေကင်းမဲ့စွာ ဝင်လာတဲ့ဖုန်းက သချိုင်းမှုဖြစ်သည်။ စိတ်တိုစွာနဲ့ ဖုန်းပိတ်လိုက်ပြီး နာရီကိုလှမ်းကြည့်လိုက်၏။

"ဆယ်နာရီတောင် မထိုးသေးဘူး"

ဒီအတိုင်းထိုင်နေတာထက်စာရင် စန္ဒယားတီးပြီး မောင့်နှုတ်ဆက်တာကိုစောင့်မည်ဟု စဉ်းစားကာ စန္ဒယားထားရာအခန်းသို့ ထွက်လာခဲ့သည်။

စန္ဒယားအဖုံးဖွင့်လိုက်သည်။ ပြီးတော့ ခလုတ်တွေကို တစ်ခုချင်းလိုက်လံစမ်းလိုက်ပြီး တီးကွက်တစ်ခုကို စတင်၍တီးလိုက်၏။

သူ့ရဲ့စိတ်တွေ လေထဲလွင့်ထွက်လို့သွားသည်။

မျက်လုံးထဲတွင်လည်း အုတ်ဂူတွေမြောက်မြားစွာရှိသည့် သချိုင်းကြီးကို မြင်နေရသည်။ တစ်ခုသော အုတ်ဂူရှေ့တွင် မောင် ညှိုးငယ်စွာထိုင်နေသည်။

ခရေ ...လှမ်းခေါ်လိုက်တယ် မောင်ရေ ... လို့

မောင်က လုံးဝမကြား ခရေ အသံကုန်ဟစ်အော်လိုက်တယ် မောင်က အုတ်ဂူရှေ့ကပင် လှည့်မကြည့် ...

ခရေ ... ရှိုက်ကြီးတငင်ငင်သာ ငိုချလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

စန္ဒယားခုံပေါ်တွင် ခရေ မှောက်ချပြီးငိုလို့အားရတော့ စန္ဒယားရှေ့ ထိုင်ခုံမှထ၍ ညှော်ခန်းသို့ပြန်လာခဲ့သည်။

မောင်နှင့်ခရေတို့ ချစ်သူတွေဖြစ်တော့ မင်းသတ္တက မောင်နှင့်လိုက်ပါ ကိုင်း ခရေနှင့်ဆုံဖြစ်သည်။ စကားပြောရာမှာ အလွန်ကျွမ်းကျင်လိမ္မာပြီး အပြော ကောင်းသူတစ်ယောက်မို့ ခရေနှင့်လည်း အလွန်ကိုရင်းနှီးသည်။

"ကျွန်တော် _ ခရေနဲ့သက်တန့်တို့အတွဲကို သိပ်အားကျတယ်ဗျာ၊ ရှသွားနောက်လိုက်လည်းညီပါတယ် _ နှစ်ယောက်လုံးက ရုပ်ရည်လည်းချော စိတ်ထားလည်းကောင်းကြပါတယ် _ ကျွန်တော် ချစ်သူရှာရင် ခရေလိုလူမျိုး ကိုရှာမယ်"

အဲဒီအချိန်တုန်းက ခရေ ရင်ထဲကျေနပ်မိတာအမှန်ပါ _ ကိုယ့်ကို ချီးမွမ်းပြောဆိုသလို ကိုယ်သိပ်ချစ်ရတဲ့ မောင်နှင့်အတူတွဲ ချီးမွမ်းခံရတာ





မကျေနပ်ပဲရှိပါ့မလား ...

ကျန်းမာရေးကြောင့် မင်းသတ္တ ကျောင်းမတက်နိုင်တဲ့နေ့တွေဆို ခရေ စာတွေကူပေးသည်။ ထိုအချိန်မျိုးတွင် သူက ...

"ကျေးဇူးပဲဗျာ _ ခရေရဲ့သိတတ်မှုတွေကို ကျွန်တော် ဘယ်လိုအစား ပေးရမှန်းတောင် မသိဘူး"

"ရပါတယ် ... ခရေ ကူညီတာဝါသနာပါလို့"

"ဟာ _ သိပ်ကောင်းတဲ့ စကားလုံးပဲဗျာ၊ အဲဒီဝါသနာကို ကျွန်တော် သိပ်အားကျတယ်၊ ဒါပေမဲ့ ... ကျွန်တော် အနေအထားက ... "

စကားပြောရင်း လေသံတိမ်ဝင်သွားတဲ့ မင်းသတ္တကို စာနာနားလည် စိတ်နှင့် သနားမိတယ်လေ။

"မင်းသတ္တ ဆေးခန်းပုံမှန်သွားရဲ့လား၊ ဆေးတွေရော ပုံမှန်သောက် ရဲ့လား"

"မသွားဘဲ မသောက်ဘဲ နေလို့မှမရတာ. ကျွန်တော် ဒီဘဝကြီးကို အရမ်းစိတ်ပျက်ပါတယ်"

"ဘာလို့လဲဟင်"

မင်းသတ္တ သူ့မျက်နှာနွမ်းနွမ်းလေးကို အားယူပြုံးလိုက်ပြီး လေသံ ပျော့ပျော့လေးနှင့် ...

"ကျွန်တော် နှလုံးအစားထိုးကုဖို့ စီစဉ်ထားတယ်၊ ဒါပေမဲ့ ... ဒီနေ့ထိ အလှူရှင်ကမပေါ်သေးဘူး"

"အဲဒီလို အစားထိုးရင် မင်းသတ္တ ကျန်းမာလာမှာပေါ့နော်"

"ငါးဆယ်၊ ငါးဆယ်ပါပဲ သိပ်တော့ မမျှော်လင့်ရဲဘူး၊ ကံရှိသလောက် ပေါ့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ကိုယ့်ဘာသာတွေးနေရင်း သက်ပြင်းကိုချလိုက်တယ်။ ညှော်ခန်းနံရံမှာ ချိတ်ထားတဲ့ မောင့်ရဲ့ဓါတ်ပုံကိုအကြည့်ရောက်သွားတော့ မောင်က သူ့ကိုပြုံးပြီး လေးကြည့်နေတယ်လို့ စိတ်ထဲကထင်မိတယ်လေ –

ထိုင်ရာမှထပြီး ဓါတ်ပုံရှေ့ကိုလျှောက်သွားကာ မောင့် ဓါတ်ပုံရှေ့မှာ ရပ်လိုက်တယ် ...

"မောင် – ဒီည ခရေ့ကို နှုတ်ဆက်သွားပါနော် – ခရေလေ မောင့်ကိုသိပ်ချစ်တယ်ဆိုတာ မောင်ဘယ်ဘဝရောက်နေရောက်နေယုံပေးပါနော်"

"ခရေရဲ့ တီးတိုးစကားသံကို မောင်ကြားရဲ့လား"

"ဂီး"

"ဟင်"

ရုတ်တရက် ငှက်ဆိုးတစ်ကောင် ထမြည်သံကို ခရေကြားလိုက်ရသည်။ ရင်ထဲ၌လည်းထိန်းခနဲမြည်သံနှင့်အတူ အသံထွက်ပေါ်လာသည့် ခြေရင်း ပြတင်းပေါက်ကိုကြည့်လိုက်၏။

"မောင် ရောက်လာပြီလား"

အတွေးကချက်ချင်းဝင်လာ၍ ပြတင်းပေါက်ဆီကို တစ်လှမ်းချင်းသွား လိုက်သည်။

"လိုက်ကာတွေ လှုပ်နေပါလား"

လှုပ်ယမ်းနေသော ပြတင်းပေါက်လိုက်ကာစတွေကို အံ့သြစွာကြည့်ရင်း တဖြည်းဖြည်းပြတင်းပေါက်ဝဆီကိုရောက်သွား၏။

"ဂီး"

အခုတစ်ခါ ထမြည်သည့်ငှက်ဆိုးရဲ့အသံက ပို၍ကျယ်လောင်သည်





ခရေနှင့်လည်း သိပ်မဝေးလှသည့်နေရာက မြည်တာမို့ လန့်ပြီး နောက်သို့ခြေတစ် လှမ်းဆုတ်လိုက်သည်။

လိုက်ကာ အဖြူစတို့ကတော့ လွင့်လို့နေဆဲ ...

ခရေ ဘာဆက်လုပ်ရမှန်းမသိ။ ရှေ့ပဲဆက်တိုးပြီး ပြတင်းပေါက်မှ တစ်ဆင့် ခြံထဲတွင် မောင် ရှိနေမလားဆိုတာ ကြည့်ရမလား။ ထိုင်ခုံတွင်ပဲသွား ထိုင်ကာ မောင်လာနှုတ်ဆက်တာကိုစောင့်ရမလားဆိုတဲ့ အတွေးနှစ်ခုဝင်သွား သည်။

"သမီး"

"ရှင်"

ရုတ်တရက် ခရေ့နောက်ကျောက ထွက်ပေါ်လာတဲ့အသံကြောင့် လန့်ပြီးလှည့်ကြည့်လိုက်ရာ ဦးစိုင်းဖြစ်နေသည်။

"အိပ်တော့လေ ... အရမ်းညဥ့်နက်နေပြီ"

"ဟင့်အင်း ... ခရေ မောင့်ကိုနှုတ်ဆက်မလို့စောင့်နေတာ"

ခရေ ဦးစိုင်းကိုအဖြေပေးလိုက်ရာ ဦးစိုင်းက ...

"သက်တန့် ... သမီးကိုနှုတ်ဆက်ပြီးသွားပြီ"

"ဟင်"

"ဟုတ်တယ် ... သမီး ခုနငှက်ဆိုးထိုးတာ သက်တန့်ကိုမြင်လို့ ထိုးတာပါ၊ သမီးကိုနှုတ်ဆက်ပြီး သူထွက်သွားပြီ"

ခရေ ဦးစိုင်းစကားကိုမယုံ ချက်ချင်းပင် ...

"ခရေ ... မယုံဘူး၊ ခရေ့ကို ထားသွားမှာမဟုတ်ဘူး၊ သူ ခရေ့ နားမှာအမြဲရှိနေမှာ"

"သမီးရယ် ... သူတကယ်သွားပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး _ ဘဘ အခုချိန်မှာ မောင့်ကို အားလုံးကနှင်နေကြပြီ၊ မောင့်ကို ခရေ ခေါ်ထားမှဖြစ်မှာ"

အရွှးတစ်ယောက်ပမာ သွေးရှူးသွေးတန်းနှင့်ပြောနေသော ခရေကို သနားကရုဏာသက်စွာကြည့်ရင်း ...

"ဆယ့်နှစ်နာရီထိုးသွားပြီ သမီး အိပ်တော့နော်"

"ခရေ ... မောင့်ကို ... "

"ဘာပဲဖြစ်ဖြစ် _ သမီး အားရှိအောင်အိပ်ဖို့လိုတယ်၊ ဆရာဝန်က လည်း ပြောသွားတယ်မလား၊ အိပ်ရေးပျက်ခံလို့မရဘူး"

"အဘ ခြံထဲကလာတာမလား ... ခုန ငှက်ဆိုးထိုးတော့ အဘ မောင့်ကိုတွေ့လိုက်တယ်ပေါ့နော်"

"တွေ့လိုက်ပါတယ် သမီးရယ်"

ဦးစိုင်းက ခရေ ကျေနပ်အောင်ပြောလိုက်၏။ သူ့စကားတွေကလည်း ဟိုရောက် သည်ရောက်ဖြစ်လို့နေသည်။

"ဒါဆို _ မောင် ခရေ့နားမှာ ရှိနေလိမ့်မယ်၊ မောင် _ ဟုတ်တယ် မလား"

ခရေ ညှော်ခန်းဘစ်ခုလုံးကိုလှည့်ပတ်ကြည့်ပြီး ပြောနေသည်။

"မောင် ... ခရေ့ကို နှုတ်မဆက်နဲ့တော့ ဒီအိမ်မှာပဲ မောင်နေ မောင့်ကို ခရေခေါ်ထားမယ်"

"သမီး _ မပြောကောင်းတာတွေ မပြောနဲ့"

ဦးစိုင်းကလှမ်း၍ သတိပေးလိုက်သည်။

"မောင် ဒီအိမ်မှာ ကြိုက်သလိုနေ၊ ခရေခွင့်ပြုတယ်၊ အဘ _ ခရေ မောင့်ကို နေခွင့်ပြုလိုက်မယ်နော်"

ရှုရင့်အောင်စာပေ



"သမီး _ ကိုယ်မမြင်နိုင်တဲ့အရာတွေကို ဘာလို့လက်ခံနေတာလဲ၊ မလုပ်သင့်တာတွေကို မလုပ်ရဘူးလေ"

"ဟင့်အင်း _ မောင်ဟာ ဘာပဲဖြစ်နေဖြစ်နေ ခရေရဲ့ချစ်သူပဲ"

ဦးစိုင်း ဘယ်လိုမှပြောလို့ရမှာ မဟုတ်တာကြောင့် စိတ်လျှော့လိုက်ပြီး ...

"သမီး ... ကျေနပ်ရင်ပြီးတာပဲ၊ ကဲ တံခါးတွေ ပိတ်လိုက်တော့မယ်"

"အင်း"

ခရေ ကျေကျေနပ်နပ်နှင့် ခေါင်းညိတ်လိုက်သည်။ ဦးစိုင်း ပြတင်းပေါက် တံခါးများ လိုက်ပိတ်နေစဉ် ...

"အူ ... ဝူး ... အူ ... ဝူး"

ဆွဲဆွဲငင်ငင်အူလိုက်သည့် ခွေးတစ်ကောင်၏အသံကြားရပြီးနောက် ...မ်းထဲရှိကျန်ခွေးများကပါ ဝိုင်းအူကြသည်။ ခွေးများကြည့်အူနေတာ သူတို့ ...ကြီးကိုဖြစ်သည်။

ဦးစိုင်း ကြက်သီးများပင်ထသွားသည်။

ခရေ မကြားတာလား တကယ်ပင်မသိဟန်ဆောင်နေတာလားတော့ ...ဒီ ...

လက်ထဲတွင် ခရေပန်းကုံးအခြောက်ကလေးကို တယုတယကိုင်တွယ် ...ပြီး ညှော်ခန်းနံရံကပ် ဗီဒိုအနိမ့်ပေါ်ရှိ သက်တန့်နှင့်တွဲရိုက်ထားသည့် ဓါတ်ပုံ ...ဘောင်ပေါ် ချိတ်ဆွဲထားလိုက်လေသည်။

ရှုရင့်အောင်စာပေ

www.burmeseclassic.com

## တစ္ဆေနေတဲ့ အခန်း

### အခန်း (၄)

"နင်လုပ်နေတာတွေ ဘာမှအဓိပ္ပာယ်မရှိဘူး"

နီလာ၏ အပြစ်တင်သံစကားက ကျယ်လောင်စွာထွက်ပေါ်လာ… မယ့် ပြတင်းပေါက်မှန် အဖြူကို အလင်းရောင်မဝင်စေရန် ဆေးအပြာရင့်မျာ… သုတ်နေသည့် ခရေက အသုတ်မပျက် —

"ခရေ — နင်ရူးနေပြီလား၊ ဒီအခန်းရဲ့အလင်းက ပြတင်းပေါက်က… လာတာလေ၊ မှန်တွေကိုဆေးသုတ်ပြီး တံခါးပိတ်လိုက်ရင် အလင်းရောင်လည်… မရ၊ လေလည်းမဝင်ဖြစ်တော့မှာပေါ့"

"ငါ ဘာအတွက်လုပ်နေတာလဲ နင်သိလား"

အေးစက်စက်လေသံနှင့် ခရေကမေးတော့ အခန်းသန့်ရှင်းရေးလုပ်… သည့် နီလာက —

"မသိဘူးလေ — နင်ပဲ ဘယ်သူမှမနေတဲ့အခန်းကို သန့်ရှင်းရေးလု… အလင်းမဝင်အောင် မှန်တွေဆေးသုတ်နေတာလေ"





"ခုတင်နဲ့ အိပ်ရာပြင်ရဦးမယ်"

"ဘာလဲ — ရှမ်းပြည်နယ်က နင့်အမျိုးတွေ လာနေဖို့လား"

"မဟုတ်ပါဘူး"

ခရေ့ပုံစံက လုပ်ချင်ရာလုပ်နေသည့်ပုံမျိုးဖြစ်သလို သူလုပ်နေသည့် အလုပ်ကို ဘယ်သူတားတား ရမည့်ပုံမပေါ်ပါ။ နီလာက ခရေဆေးသုတ်နေသည့် ဘေးသွား၍ . . .

"ဒါဆို ဘာအတွက်လဲ"

" မောင် နေဖို့"

"ဘာ '— ဘာပြောတယ်"

နီလာ အံ့သြလွန်း၍ စကားသံများပင်ထစ်လို့သွား၏။

"ညက မောင့်ကို ငါခေါ်ထားလိုက်တယ်၊ မောင် ဒီအခန်းမှာ နေဖို့ ပါလုပ်ပေးနေတာ၊ မောင်က အလင်းရောင်နဲ့ ထိလို့မရဘူး နီလာ၊ ဒါကြောင့် ဒါ အလင်းဝင်နိုင်မယ့် မှန်တွေကိုဆေးသုတ်နေတာ"

"အ — အခု သက်တန့် ဘယ်မှာလဲ"

"ရှိတယ် — စတိုခန်းထဲမှာ ကြာကြာဘယ်နေနိုင်မလဲ၊ အဲဒီအခန်း က ပစ္စည်းအစုံထားတော့ မောင်နေတတ်မှာမဟုတ်ဘူး"

"ဟာ — နင်ကတော့ — ဟာ"

ထိတ်လန့်စွာနှင့် နီလာက အပြစ်တင်ပေမယ့် ခရေက မတုန်မလှုပ် ဆေးသုတ်ပြီးသွားတော့ —

"ငါကို အိပ်ရာပြင်ဖို့ ဝိုင်းကူဦး"

"ခရေ — မဟုတ်တာတွေ — "

"နီလာ — ငါ့ကို ဝိုင်းကူချင်ရင်လည်းကူ၊ မကူချင်ရင်လည်းသွား



www.burmeseclassic.com

www.burmeseclassic.com



တော့ ငါ့ဘာသာတစ်ယောက်တည်း လုပ်လို့ရတယ်"

"အေးပါ ... ဝိုင်းလုပ်ရမှာပေါ့"

အတူနေလာသည့် သူငယ်ချင်းမို့ တစ်ယောက်နှင့်တစ်ယောက် သံယောဇဉ်ကြီး၍ ခရေ့လုပ်ရပ်တွေကိုမကြိုက်သော်လည်း ဝိုင်းလုပ်ပေးသည်။ အခန်းနံရံများတွင် သက်တန့်၏ ဓါတ်ပုံများစွာကိုကပ်ထားလိုက်၏။

အိပ်ရာခင်းဖြူဖွေးဖွေးပေါ်တွင် ခရေပန်းတို့ကိုကြဲထားလိုက်သည်။ တစ်ခန်းလုံးတွင် ခရေပန်းတို့၏ ရနံ့ကြောင့် သင်းပျံ့မွှေးကြိုင်လို့နေသည်။

လိုအပ်သည်ထင်သည့် အရာမှန်သမျှကို အခန်းထဲတွင် အကုန်လုပ်ထားပေမယ့် မီးချောင်းကိုတော့ ခရေကဖြုတ်လိုက်သည်။

"ခရေ ... ဘာလို့ မီးချောင်းဖြုတ်တာလဲ"

"မောင်က ... ဘယ်အလင်းရောင်ကိုမှ ခံလို့ရမှာမဟုတ်ဘူး။ ပြီးတော့ ဒီအခန်းထဲမှာ မှန်လုံးဝမထားပါနဲ့"

"ဘာ ... ဘာလို့လဲ"

"မှန်က မှုရင်းရုပ်ကိုမြင်ရတယ်လေ ... မောင်က သရဲတစ္ဆေဖြစ်နေတာဆိုတော့ မှန်ကိုဒီအခန်းမှာထားလို့မဖြစ်ဘူး"

"သက်တန့် တစ္ဆေဖြစ်နေတာကို နင်သိနေတယ်ဆိုရင် ဘာလို့အိမ်မှာထားမှာလဲ ... မလုပ်ကောင်းတာတွေ မလုပ်ပါနဲ့ ခရေရယ်"

နီလာ ဖျောင်းဖျပြောဆိုသော်လည်း ခရေကလုံးဝနားမဝင်။ အခန်းကို သူ့စိတ်ကြိုက်ကိုပြင်ဆင်နေတော့သည်။ အားလုံးပြီးတော့ အခန်းတံခါးပိတ်ထားလိုက်သည်။

"ကျေးဇူးတင်တယ် နီလာ၊ ညနေရောက်မှ မောင့်ကို အခန်းပြောင်းပေးမယ်"





"ခရေရယ် ... ငါတော့အရမ်းစိတ်ညစ်တာပဲ၊ ညကလည်း ခွေးတွေ တစ်ညလုံးအူကြတယ်၊ ငါနဲ့ကေခိုင်ကြောက်လိုက်တာ နေစရာတောင်မရှိဘူး"

"ကောင်းတယ် ... ခွေးအူတာ မောင့်ကိုသူတို့မြင်လို့ အူကြတာနေမှာ အူပစေ"

"နင်ကတော့ အစွန်းရောက်နေပြီ ... "

"နင်တို့ ဘယ်လိုလိုထင်ထင် ငါဂရုမစိုက်ဘူး"

ပြောရင်းခြံထဲသို့ ခရေ ဆင်းလာသည်။ သူနေသည့်ခြံမှာ အကျယ်ကြီးမို့ သရက်၊ ပိတောက်၊ ကုက္ကိုလ်ပင်ကြီးများလည်းရှိသည်။

ရွက်လှ၊ စပယ်၊ သစ်ခွ ကဲ့သို့သောအလှစိုက်ပန်းပင်တို့လည်း စုံလင်စွာရှိသည်။

ဦးစိုင်းနှင့် ဒေါ်နန်းမွှံတို့အိမ်လေးမှာ သစ်သားဖြင့် ဘန်ဂလိုပုံသဏ္ဌာန် ဆောက်ထား၏။ ခရေ ခြံထဲကိုပတ်၍လမ်းလျှောက်ရင်း အမှိုက်လှဲနေသော ဒေါ်နန်းမွှံနှင့်ဆုံလေသည်။

"သမီး ... ဒီနေ့ ဘယ်မှမသွားဘူးလား"

"ညနေလောက်မှသွားစရာရှိတယ် ကြီးကြီး"

'မိုးချုပ်မယ်ဆိုရင် သမီး အဘကိုခေါ်သွားပါလား ... ညဘက်ကား မောင်းရတာ သမီးအတွက် အဆင်မပြေမှာစိုးလို့"

"ရတယ် ကြီးကြီး ... စောစောပြန်လာမှာပါ"

"အေးလေ ... ကြီးမွှံကစိတ်ပူလို့ပြောတာပါ၊ ဒါနဲ့ ... သမီး ညဘက် အိပ်ရင်သတိထားနော်"

"ဘာလို့လဲကြီးကြီး"

"ကြီးမွှံတို့ ခြံကိုကြည့်ပြီးခွေးတွေအူတာ တစ်ညလုံးပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား"

ခရေက မသိဟန်ဆောင်ပြီးမေးလိုက်ခြင်းဖြစ်၏။ ဒေါ်နန်းမွှံက ဘာမှ သိတာမို့ ခရေကို …

"ညက ငှက်ဆိုးလည်းထိုးတယ်၊ ကြောက်စရာကောင်းလိုက်တာ မြှာမနေနဲ့ သမီးအဘကလည်း ဘယ်သွားနေမှန်းမသိဘူး"

"အဘ ခရေဆီလာသေးတယ် ကြီးကြီး"

"အေးကွယ် သူက သမီးကိုအမြဲစိတ်မချဘူး၊ သိပ်ချစ်ရှာတာ"

"ဟုတ်ကဲ့ … ကြီးကြီး၊ ခရေသွားတော့မယ်နော်"

"အေး … အေး"

ခရေ ဒေါ်နန်းမွှံနှင့် ဦးစိုင်း သူ့အပေါ် သံယောဇဉ်ဘယ်လောက်ကြီးမှန်း ခရေသိသည်။ ရန်ကုန်ကို လိုက်နေတယ်ဆိုတာကလည်း ခရေအပေါ်ချစ်တဲ့ သံယောဇဉ်တစ်ခုတည်းကြောင့်ဖြစ်၏။ သူ့အိမ်ပေါ်ပြန်ရောက်တော့ နီလာ ဧည့်ခန်းထဲတွင် ဗီဒီယိုထိုင်ကြည့်နေသည်။

ကြည့်နေသည့် ဗီဒီယိုကားက သရဲကား။ ခရေမြင်တော့ စိတ်ထဲ၌ အလိုလိုဒေါသထွက်လာပြီး …

"ပိတ်လိုက်"

"ဟင် … ဘာလဲ ခရေ"

နီလာ တအံ့တဩ လှည့်၍ ခရေကိုမေးလိုက်၏။

"နင် ကြည့်နေတဲ့ ကားကိုပိတ်လိုက်လို့ပြောတာ"

"ခရေကလည်း … ဟာ … ကောင်းခန်းရောက်နေပြီ"

"မလိုချင်ဘူးဟာ … ပိတ်လိုက် တစ်ခါတည်း နင့်ကိုမှာထားမယ်၊ ဒီအိမ်မှာဘယ်တော့မှ သရဲကားမကြည့်ပါနဲ့"





"နင်မကြည့်ချင်နေပေါ့၊ ငါဘာသာကြည့်တာ နင့်ကိုထိခိုက်လို့လား"

သူတို့သူငယ်ချင်းတွေက တစ်ဦးနှင့်တစ်ဦးပြောမနာဆိုမနာမို့ ခရေ ပြောတာကို နီလာကလုံးဝလက်မခံ။ ခရေ့အိမ်ဆိုပေမယ့် နေလာတာကြာတော့ ညီအစ်မအရင်းတွေလိုဖြစ်နေသည်။

"ထိခိုက်တယ် … ငါ မောင့်ကိုအရိုင်းစိတ် မဝင်စေချင်ဘူး"

"ဟင်"

နီလာ ဘာမှပြန်မပြောနိုင်တော့ … ခရေကို စာနာခြင်း မယုံနိုင်ခြင်း တွေနှင့် ကြည့်လို့သာနေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

ခရေဆေးရုံရောက်တော့ မိုးချုပ်စပြင်ဖြစ်နေသည်။ ညဉ့်လာချိန် ဆေးရုံရှေ့ကားပါကင်တွင် ကားများပြည့်ကျပ်လို့နေ၏။ သူ့ကားထားရန်နေရာ တစ်နေရာကို မနည်းရှာပြီးရပ်ထားခဲ့ရသည်။

ဆေးရုံထဲဝင်လာပြီး အထူးကုဆောင်ကိုရှာလိုက်သည်။ တစ်ယောက်တည်းလာရတာဖြစ်သလို တစ်ခါမှမရောက်ဘူးတာမို့ ရှာရတာမလွယ်ဘူး။ နီလာ့ကိုခေါ်သော်လည်း နေ့လယ်က ဗီဒီယိုကိစ္စနှင့် နီလာက စိတ်ကောက်လို့နေသည်။

စကြံလမ်းအတိုင်းလျှောက်လာရင်း ဆေးရုံဝန်ထမ်းတစ်ဦးကိုတွေ့တာနှင့်

''ဦးလေး _ နှလုံးရောဂါ အထူးကုသဆောင်ကို ဘယ်လိုသွားရလဲ''

''အဲဒီအဆောင်က _ ဒီဆေးရုံမှာသီးခြားရှိတာ၊ တူမသွားမယ်ဆိုရင်





ရှေ့စကြံအဆုံးကိုသွား အအေးတိုက်တွေ့လိမ့်မယ်၊ အဲဒီအအေးတိုက်က ဆက်သွားလို့ လမ်းဆုံးရင်မြင်ရမယ့် အဆောင်သစ်ကြီးပဲ''

''ဟုတ်ကဲ့ ... ကျေးဇူးပါပဲ''

ဆေးရုံဝန်ထမ်းဦးလေးကြီးပြောတဲ့ လမ်းအတိုင်းလျှောက်လာရာ သိပ်မကြာခင်မှာပဲ လမ်းဆုံးတော့ အဆောင်အထွက်တံခါးကိုရောက်သည်။

ထိုတံခါးတွင် လွန်စွာရုပ်ဆိုးလှသည့် အဘိုးအိုတစ်ဦး အဆောင်တစ်ခုကိုမတ်တတ်ရပ်ကာ ကြည့်နေသည်ကိုတွေ့ရ၍ ခရေက ...

''အဘိုး ... အအေးတိုက်ကို ဘယ်လိုသွားရမလဲ''

အဘိုးအိုပုံစံက အေးစက်စက်နိုင်လှသည်။ ခရေမေးတာကိုလည်း ချက်ချင်းမဖြေ။ လှည့်လည်းမကြည့်တာကြောင့် ခရေက ...

''အဘိုး ... အအေးတိုက်ကို ဘယ်လိုသွားရမလဲ''

အဘိုးအိုအနည်းငယ် လှုပ်ရှားလာသည်။ ခေါင်းကိုနည်းနည်းချင်းလှည့်၍ ခရေကို ကြည့်လိုက်သောအခါ ...

''အမလေး''

လွန်စွာဆိုးရွားလှသည့် အနံ့အသက်နှင့်အတူ ရုပ်ဆိုးလှသည့် အဘိုးအိုရဲ့မျက်နှာကြောင့် ခရေလိပ်ပြာလွင့်မတတ်ဖြစ်သွားသည်။

''ဟီး ... ဟီး''

ကြောက်စရာကောင်းအောင်ရယ်ပြပြီး ...

''အအေးတိုက်ကိုသွားချင်တာဆိုတော့ ... နင်က မသာလား။ ပါမြင်ဖူးတဲ့ မသာတွေလမ်းလျှောက်ပါဘူး။ လက်တွန်းလှည်းပေါ် စိမ်နဲ့အိပ်ပြီး ဒီကိုလာကြတယ်''

''မ ... မဟုတ်ပါဘူး၊ အထူးကုသဆောင်ကိုသွားချင်လို့''



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါများ ـ အအေးတိုက် ဘယ်လိုသွားရလဲလို့မေးနေသေးတယ်၊ သွား ဒီလမ်းအတိုင်းအအေးတိုက်ဘေးကကပ်သွား။ အထဲကအကောင်တွေခေါ် ရင်မသွားနဲ့ နင်ပါမသာဖြစ်သွားမယ်"

အဘိုးအိုရဲ့စကားလုံးတွေက ကြမ်းသလို၊ လူကလည်း ညှီဆို့ဆို့အနံ့ နံ့နေသည်။ ခရေစိတ်ထဲမှာ လူမှဟုတ်ရဲ့လားဟု သံသယဝင်မိသည်။

"ဟဲ့သွားလေ ـ ဘာကြည့်နေတာလဲ ကေန္တ ငါ့ကိုသရဲတစ္ဆေလို့ထင် နေလား။ ငါက သူတို့ရဲ့အချုပ်ပဲ"

"ရှင်"

"သွား ـ သွား ـ ဒီကောင်တွေကိုနိုင်တာ ဒီဆေးရုံမှာ ငါပဲရှိတယ်၊ ငါ့ဆီရောက်ရင် ငါကမှောက်ချင်မှောက် လှန်ချက်လှန်ထားတာ၊ ဘာလို့အဲဒီလို လုပ်လို့ရလဲ သိလား"

"မသိပါဘူး"

အဘိုးအိုမေးတာကို ခရေကယောင်ပြီးပြောလိုက်သည်။

"ငါက အအေးတိုက်စောင့်လေ"

"ဟုတ် ـ ဟုတ်ကဲ့"

ပြော၍ခပ်မြန်မြန်လျှောက်လာခဲ့သည်။ အလင်းရောင်က ပျောက် သလောက်ဖြစ်နေသလို ဆေးရုံအဆောင်တွေမှ မီးများကလင်းလို့လာ၏။

အအေးတိုက်မှာတော့ အလင်းအားနည်းသည့် မီးလုံးတစ်လုံးသာ ထွန်းထားသဖြင့် ခရေ သူလျှောက်လာသည့်အတွက် ထိတ်လန့်လို့နေသည်။

လမ်းကလည်း လမ်းကျဉ်းလေး သွားဘေးကအအေးတိုက် ထိုအထဲတွင် လူသေအလောင်းများရှိသည်။

အနံ့အသက်ကလည်းမကောင်း ညှီဆို့ဆို့အနံ့ရနေသည်။ လမ်းလျှောက်





လာရင်း နောက်ကျောမလုံတာနှင့် နောက်သို့လှည့်ကြည့်လိုက်ရာ ...

"ဟင်"

ရုပ်ဆိုးလှသည့် အဘိုးအိုက သူ့ကိုအဆောင်ဝကနေ ခါးထောက် ကြည့်နေလေသည်။

"သွားပါ ـ နင့်ကို ဟိုအထဲကအကောင်တွေ ဘာမှမလုပ်ပါဘူး"

ခရေ ကြည့်တာကို အဘိုးအိုကမြင်သွားလို့ထင်သည်။ အသံအကျယ် ကြီးနှင့် လှမ်း၍အော်လိုက်၏။ ခရေလည်း ခပ်သုတ်သုတ်နှင့် အမြန်လျှောက်လို့ လာခဲ့သည်။

အထူးကုသဆောင်ရောက်တော့ ကြောက်စိတ်အနည်းငယ်လျော့သွား သည်။ အခန်းတွေက သီးသန့်ခန်းတွေမို့ စင်္ကြံလမ်းမှာ လူကရှင်းလို့နေသည်။

တာဝန်ကျဆရာဝန်အခန်းကိုသွား၍ သူတွေ့ချင်သည့်လူနာအမည်ကို ပြော၍ အခန်းနံပါတ်ကိုမေးလိုက်သည်။

"(၁၀၁)ပါ ဒီကနေသွားလိုက်လို့ ညာဘက်ချိုးလိုက်တာနဲ့ တွေ့တဲ့ အခန်းပါ"

"ကျေးဇူးပါပဲ"

နှလုံးရောဂါကုသဆောင်မို့လားမသိ စင်္ကြံလမ်းနှင့် အခန်းတို့မှာ သပ်ရပ်သန့်ရှင်းနေသည်။ ဆေးရောင်မှအစ သစ်လွင်တောက်ပနေသလို စင်္ကြံ မီးအလင်းရောင်ကလည်း တောက်ပလို့နေ၏။

ခရေ အခန်းနံပါတ်တွေကို လိုက်ကြည့်ရင်း စင်္ကြံအချိုးတစ်ခုတွင် သူရှာနေသည့် အခန်းကိုတွေ့လိုက်ရသည်။

"ဒါ (၁၀၁) ပဲ"

အခန်းတံခါးပိတ်ထားတာမို့ အသာတွန်း၍အထဲသို့ဝင်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"သားသူငယ်ချင်းပါလား လာထိုင်လေ၊ သားညနေကအိပ်ပျော်သွားတာ"

"ဟုတ်ကဲ့"

ခုတင်ပေါ်တွင် သူတွေ့ချင်သော "မင်းသတ္တ" ငြိမ်သက်စွာအိပ်ပျော်နေသည်။

လက်တွင်လည်း ဆေးပိုက်များသွင်းထားသလို နှာခေါင်းထဲသို့ အောက်စီဂျင်ပိုက်ထည့်ထားသည်။

သူခေါင်းဘေး စင်တစ်ခုပေါ်၌ နှလုံးခုန်တာကိုအချက်ပြနေသည့် စက်ကိုတွေ့ရသည်။

"ဒီနေ့မှ ဒီအခန်းထဲရောက်တာ သမီးရဲ့၊ ဟိုနေ့က အထူးခန်းမှာ ဘယ်သူမှတွေ့ခွင့်မရဘူး။ စိတ်ချရပြီဆိုမှ ဒီအခန်းကိုပို့လိုက်တာလေ"

"မင်းသတ္တအခြေအနေက ... "

"အားလုံးကောင်းသွားပြီ၊ နှလုံးလဲပေးတာကလည်း ပါမောက္ခကိုယ်တိုင်လေ၊ နောက်ဆို သမီးသူငယ်ချင်း လူကောင်းအတိုင်းဖြစ်တော့မှာ၊ ဘယ်လောက်ဝမ်းသာစရာကောင်းလိုက်မလဲ"

မင်းသတ္တအမေက သူ့သားအတွက် လွန်စွာမှပီတိဖြစ်လို့နေပေမယ့် ခရေရင်ထဲနင့်လို့နေသည်။ မင်းသတ္တ အခုလိုအခြေအနေဖြစ်အောင် မောင်က သူ့နှလုံးကိုလှူခဲ့တာလေ။

အလှူရှင်မောင့်ကို ကျေးဇူးတင်ကြောင်းတစ်လုံးမှထည့်မပြောခဲ့။

"သားကလေ သမီးအကြောင်းအမြဲပြောတာ၊ သူမအိပ်ခင်ကတင် သူနေကောင်းသွားရင် သမီးဆီကိုသွားမယ်တဲ့"

"ဟုတ်ကဲ့"





"ဆရာဝန်ကြီးတွေက စောင့်ကြည့်ဦးမှာနဲ့ဆိုတော့ တစ်လနီးပါးတော့ ကြာဦးမယ်ထင်တာပဲ၊ ကိစ္စမရှိပါဘူး အခုလဲထားတဲ့ နှလုံးနဲ့က လုံးဝအဆင်ပြေနေတယ်လေ"

ခရေ နားထောင်လို့သာနေသည်။ အတန်ကြာတော့ မင်းသတ္တ မျက်လုံးပွင့်လို့လာသည်။

"သား နိုးလာပြီ ... သား ဒီမှာလေ သားသူငယ်ချင်းရောက်နေတယ်၊ သားကိုသတင်းလာမေးတာတဲ့"

"ခရေ"

မင်းသတ္တရဲ့လေသံပျော့ပျော့လေး အားလည်းသိပ်ရှိပုံမရသည့် နှုတ်ခမ်းတွေက ဖြူဖွေးလို့နေသည်။

"မင်းသတ္တ နေကောင်းတယ်နော်၊ နှလုံးခုန်တာရောကောင်းရဲ့လား"

"ကောင်းပါတယ် ... ကျွန်တော် သက်တန့်ကို သိပ်ကျေးဇူးတင်ပါတယ်"

မင်းသတ္တစကားကြောင့် ခရေ အတွေးတစ်ချက်ဝင်သွားသည်။

"မောင်ကကျေနပ်ပါတယ်၊ ခရေ မင်းသတ္တဆီ အဓိကလာတဲ့အကြောင်းက မောင့်ရင်ခုန်သံကိုနားထောင်ချင်လို့ပါ"

"ဗျာ"

မင်းသတ္တ နားမလည်ခြင်းများစွာနဲ့ တအံ့တဩဖြစ်လို့သွားသည်။

"ဒီလိုပါ မင်းသတ္တ မောင်ကသေသွားပေမယ့် သူ့နှလုံးသားကမသေသေးဘူး၊ မင်းသတ္တဆီမှာထားခဲ့တယ်လေ၊ အဲဒီတော့ မောင့်ရင်ခုန်သံကို ခရေ နားထောင်လို့ရတာပေါ့"

"ကျွန် ... ကျွန်တော် ... "



www.burmeseclassic.com

www.burmeseclassic.com



"ခရေ့ကိုခွင့်ပြုနိုင်မလားပဲပြောပါ။ မင်းသတ္တအဖြေကို ခရေ ကျေနပ်ပါတယ်"

မင်းသတ္တ ရုတ်တရက်တော့ ဘာမှမပြော စဉ်းစားနေပုံလည်းရသည်။ ခဏကြာမှ ...

"ရပါတယ်"

"ကျေးဇူးသိဝ်တင်တယ် မင်းသတ္တ"

ခရေ လှိုက်လှိုက်လှဲလှဲပြောလိုက်သည်။

ထို့နောက် ...

ထိုင်ရာမှထ၍ ခုတင်ပေါ်ပက်လက်အနေအထားဖြစ်နေသော မင်းသတ္တ ဘယ်လက်ရင်အုံအောက် နှလုံးရှိရာကို ခရေ ခါးကိုညွတ်၍ ခေါင်းကိုစောင်းကာ အသာအယာကပ်ပြီး နားထောင်လိုက်သည်။

"ခရေ့ကို မောင်ဘယ်လောက်ချစ်လဲ မောင့် နှလုံးခုန်သံကို နားထောင်ကြည့်"

"ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ ခရေရဲ့ မောင့်နှလုံးခုန်သံတွေမရပ်သရွေ့ ခရေ့ကို ချစ်နေတယ်ဆိုတာလေ"

"မောင် သေသွားခဲ့ရင်"

"လူသေသွားပြီး နှလုံးသာမသေခဲ့ရင် ခရေ့ကိုချစ်နေတုန်းပဲပေါ့။ မောင်ကရင်ခုန်နဲ့ချစ်တာ"

"ပိုပြီ"

"မပိုပါဘူးဗျာ မယုံရင်လာနားထောင်ကြည့်"

ခရေ မင်းသတ္တရဲ့ရင်ခွင်ထဲဝင်ပြီး နှလုံးခုန်သံကို နားဖြင့်အသာနား





ထောင်လိုက်သည်။

"အို — လူနာကိုယ်ပေါ်ကို အဲဒီလိုမလုပ်ရဘူးလေ"

အခန်းထဲဝင်လာသည့် နပ်(စ်)မလေး အသံကြားမှ ခရေ အသိဝင်လာသည်။ သက်တန့် ရင်ခုန်သံကိုနားထောင်ခဲ့စဉ်ကအတိုင်း သက်တန့်နှလုံးခုန်သံကို မင်းသတ္တ ဆီမှခွင့်တောင်းနားထောင်ရင်း အတွေးလွန်သွားသည်။

ခေါင်းကို မင်းသတ္တ ကိုယ်မှခွာ၍ ကိုယ်ကိုမတ်လိုက်ပြီး ...

"ဆောရီး ဆရာမ နှလုံးခုန်သံကို နားထောင်ကြည့်တာပါ"

"လူနာက သိပ်နုသေးလို့တားတာပါ စိတ်မဆိုးပါနဲ့၊ နောက်ရက်ဆို လူနာကျန်းမာတဲ့အခါ ရပါပြီ"

မင်းသတ္တအမေက ...

"အခုလူငယ်တွေရဲ့ စိတ်ကူးတွေက အဆန်းပဲ ဆရာမရေ"

ခရေမကြားသလိုနှင့် မင်းသတ္တကို ...

"ခရေ ပြန်ဦးမယ်၊ နှလုံးခုန်တာကို နားထောင်ခွင့်ပြုတဲ့မင်းသတ္တကို ကျေးဇူးတင်တယ်၊ ခရေ့ကြားချင်တာ မောင့်ရင်ခုန်သံကိုပါ"

"အင်း"

မင်းသတ္တကပြုံးပြီးခေါင်းညိတ်ပြလိုက်သည်။ ခရေလည်း အခန်းထဲမှ ထွက်လာခဲ့သည်။

သူတကယ်ကြားခဲ့တဲ့ မောင့်ရင်ခုန်သံတွေဟာ အိပ်မက် မဟုတ်ပါဘူး — မျက်ရည်တွေက ပါးပေါ်အလိုလိုစီးကျလာတယ် — ဝမ်းသာတာလား ဝမ်းနည်းတာလားတော့ သူကိုယ်သူ မသိတော့ —



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

ခရေအိမ်ပြန်ရောက်တော့ ညကိုးနာရီပင်ကျော်လို့နေပြီ။ သူ့ကိုစိတ်ပူစွာနှင့် နီလာနှင့်ကေခိုင်က ဦးစိုင်းနှင့်အတူ အိမ်ဝတွင်စောင့်နေကြသည်။

ကားကို ဂိုဒေါင်ရှေ့တွင်ရပ်လိုက်ပြီး အောက်သို့ ဆင်းလျှောက်လာသည်။

"နောက်ကျလိုက်တာ ... ခရေရယ်၊ တို့တွေစိတ်ပူနေတာ"

"နင်တို့ ထမင်းစားပြီးပြီလား"

"နင့်ကိုစောင့်ရင်း ဗိုက်ဆာလာလို့စားလိုက်တာ၊ နင်မစားရသေးဘူးမလား"

"ငါ ဗိုက်သိပ်မဆာဘူး၊ မစားတော့ပါဘူး"

ထိုစဉ် ... ဂိုဒေါင်ထဲကားထည့်ပြီး ခရေဆီ လျှောက်လာသော ဦးစိုင်းက ...

"ညနေက သမီးထွက်သွားပြီး သိပ်မကြာဘူး မောင်သက်တန့်အဖေ ရောက်လာတယ်"





"ဟင် ... အဘကို ဘာပြောသွားလဲ"

"သူ့အိမ်ကိုလာခဲ့ပါဦးတဲ့၊ မောင်သက်တန့်နဲ့ ပတ်သတ်တဲ့ကိစ္စ ပြောစရာရှိလို့တဲ့"

"ဘယ်တော့လဲ အဘ"

"သမီး အဆင်ပြေတဲ့နေ့လို့ပြောတာပဲ"

"ဟုတ်ကဲ့"

ခရေ ဦးစိုင်းကိုခေါင်းညိတ်ပြလိုက်ပြီး အိမ်ထဲသို့ဝင်လာခဲ့သည်။ နီလာကတီဗွီကလာသည့် ရုပ်ရှင်ကားကြည့်နေသလို ကေခိုင်ကလည်း မဂ္ဂဇင်းစာအုပ်တစ်အုပ်ကို ဖတ်နေသည်။

ခရေကတော့ ထမင်းစားခန်းထဲသို့ဝင်၍ ထမင်းစားနေသည်။ ဆေးရုံတွင် သူနားထောင်ခဲ့သည့် သက်တန့်ရဲ့နှလုံးခုန်သံအတွက် ကျေနပ်နေမိသည်။

ဘယ်လိုပဲဖြစ်ဖြစ် သူ မင်းသတ္တနှင့်ပတ်သက်မှုဖြစ်မည်။

ဘာကြောင့်လဲဆိုတော့ သက်တန့်ရဲ့နှလုံးသားက မင်းသတ္တဆီမှာ ကျန်ခဲ့တယ်လေ ...

"ဟင် ... မောင် ထမင်းမစားရသေးဘူး"

အတွေးကဖျက်ခနဲဝင်လာတာကြောင့် စားလက်စထမင်းပန်းကန်ကို ချ၍ ပန်းကန်တစ်ချပ်နှင့် ထမင်းထည့်ပြီး ဟင်းပန်းကန်ကိုယူကာ သက်တန့်နေ၍ သီးသန့်လုပ်ထားသည့်အခန်းဆီသို့ ဝင်လာခဲ့သည်။

အခန်းတစ်လုံးက အလင်းရောင်မရှိတာမို့ မဲမှောင်လို့သာနေသည်။ ခုတင်ဘေးက စားကြည့်စားပွဲပေါ်ထမင်းပန်းကန်နှင့် ဟင်းပန်းကန်တို့ကို ချထားလိုက်သည်။

"မောင့်ကို သွားခေါ်ပြီး ဒီအခန်းထဲထည့်လိုက်ရင်ကောင်းမလား၊



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်သေးပါဘူး၊ အားလုံးအိပ်မှဖြစ်မယ်"

တွေး၍ အခန်းတံခါးကိုပိတ်ပြီး ဧည့်ခန်းဆီသို့လျှောက်လာသည်။ နီလာက ...

"ခရေ ... ထမင်းစားပြီးပြီလား၊ ကားကောင်းတယ်ကြည့်ပါလား၊ သရဲကားမဟုတ်ပါဘူး"

"မကြည့်ချင်ပါဘူး၊ နင်တို့ကိုပြောစရာရှိလို့"

"ဘာပြောမှာလဲ"

"ငါ ... မောင့်ရင်ခုန်သံကိုကြားခဲ့တယ်"

"ဟင် ... ဘယ်လို"

နီလာက နားမလည်သလို လှမ်းမေးသလို စကားနည်းတဲ့ ကေခိုင်က စာဖတ်နေရာမှ စာအုပ်ကိုကျော်ပြီး ခရေကို လှမ်းကြည့်သည်။

"ဟုတ်တယ် ... မောင်သေသွားပြီဆိုပေမယ့်၊ သူ့ရင်ခုန်သံက ဒီနေ့အထိရှင်သန်နေတယ်လေ"

"နင် ... မင်းသဏ္ဍဆီကပြန်လာတာပေါ့၊ သူအော်ပရေးရှင်းအောင်မြင်တယ်မလား"

ကေခိုင်ကစိတ်ဝင်တစားမေးလိုက်၏။

"မင်းသဏ္ဍ မကြာခင်နေကောင်းတော့မှာပါ၊ မောင့်နှလုံးသားက သူ့ဆီမှာလေ၊ မောင်က ငါ့အတွက် သူ့နှလုံးသားကို လူ့လောကမှာထားခဲ့ပေးတယ်၊ ငါ ... မောင့်ကို ဆုံးရှုံးလိုက်ရပေမယ့် ရင်ခုန်သံတော့ မဆုံးရှုံးဘူး"

"ခရေရယ်"

နီလာနှင့် ကေခိုင်တို့က စာနာနားလည်စွာနှင့် ခရေကို ကရုဏာဖြစ်ကြသည်။ နီလာက ...





"မင်းသဏ္ဍဆီမှာ သက်တန့်နှလုံးသားရှိတယ် ဆိုပေမယ့် မင်းသဏ္ဍက မင်းသဏ္ဍ၊ သက်တန့်မဟုတ်တာတော့ နင်လက်ခံရမယ် ခရေ"

"ငါသိတယ် ... နီလာ၊ လက်ခံတယ် မောင်မရှိပေမယ့် သူ့နှလုံးသားကို မင်းသဏ္ဍဆီကရတာနဲ့တင် ငါကျေနပ်ပါတယ်"

"ခရေရယ် ... နင့်အစွဲအလမ်းက မယုံနိုင်လောက်အောင်ပဲဟာ"

ကေခိုင်ရဲ့စကားကို ခရေမကြားဟန်ပြု၍ ...

"နင်တို့ကိုမှာထားမယ်နော်၊ မောင်နေတဲ့သီးသန့်ခန်းကို ဘယ်သူမှ မဝင်ရဘူး"

"ခရေ"

နီလာက လှမ်းအော်တော့ ခရေကလက်ကာပြရင်း ...

"ငါဆက်ပြောဦးမယ် ... နင်တို့ဘုရားရှိခိုးရင် အပေါ်ထပ်ဘုရားခန်းမှာရှိခိုး၊ ဒီအောက်ထပ်မှာ ဘယ်လိုအကြောင်းနဲ့မှ ဘုရားစာမရွတ်ပါနဲ့"

"ဘာဆိုင်လို့လဲ ... နင့်လုပ်ရပ်တွေ ဘာမှအဓိပ္ပာယ်မရှိဘူး"

"ငါ့အတွက် အဓိပ္ပာယ်ရှိတယ် ... နီလာ၊ မောင့်ကို ဘယ်သူတွေ ဘယ်လိုပဲ စွပ်စွဲလွှတ်ပစေ၊ ငါမစွန့်လွှတ်နိုင်ဘူး"

"ရှင်းပြလို့ရမှာမဟုတ်တော့ နင့်သဘောပဲ"

ခရေ စိတ်ဓာတ်ကိုမကြိုက်ပေမယ့် စာနာနားလည်မှုနှင့်အတူ နီလာနှင့် ကေခိုင်က သက်ပြင်းအကြိမ်ကြိမ်ချလို့နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com

## ခွေးအူတာကောင်းတယ်

### အခန်း (၇)

ညကတိတ်ဆိတ်နေဆဲ ... တစ်ခါတရံကြားရသည့် ခွေးဟောင်သံ တချို့မှလွဲလျှင် ဘာသံကိုမှမကြားရလောက်အောင် တိတ်ဆိတ်လွန်းသည်။

လမိုက်ညလည်းဖြစ်တာမို့ ပတ်ဝန်းကျင်တစ်ခုလုံးမဲမှောင်လို့နေသည်။

ခရေ တစ်ယောက်အိပ်လို့မပျော်နိုင်သေး။ တစ်ယောက်တည်းထိုင်ပြီး သက်တန့် အကြောင်းကိုတွေးနေမိသည်။

မောင် ... မမျှော်လင့်ပဲ လူ့ဘဝ စွန့်ခွာထွက်သွားပေမယ့်၊ ခရေ ကတော့ တစ်နေ့တစ်ရက်မှမမေ့လို့မရပါ ... အခုလည်းစတိုခန်းထဲမှာထားသည့် မောင့်ဓါတ်ပုံနှင့် ခရေပန်းခြောက်လေးကိုယူကာ နေ့လယ်ကပြင်ဆင်ထားသည့် အခန်းထဲသို့ပို့ခဲ့ပြီး ဖြစ်လေသည်။

မဲမှောင်နေသော အခန်းဖြစ်ပေမယ့် မောင့်အတွက်အဆင်ပြေနိုင်မယ် ဟု ခရေတွေးမိသည်။ ဝိညာဉ်တွေဟာ အလင်းရောင်ကြောက်မှန်း ခရေ ကြားဖူး နားဝရှိထားသည်လေ ...





တစ်အိမ်လုံးက မီးတွေကိုမှိတ်ထားလိုက်ပြီး ဧည့်ခန်းထဲတွင် တစ်ယောက်တည်းထိုင်နေသော သူ့ဆီ မောင်များရောက်လာမလားဟုလည်း တွေးမိသည်။

"ရှုပ် ... ရှုပ် ... ရှုပ်"

"ဟင်"

လုံဝညင်သာသည့်ခြေသံ ... တိတ်ဆိတ်နေလို့သာ ခရေ ကြား လိုက်ခြင်းဖြစ်သည်။

သူနောက်လှည့်ကြည့်လိုက်တော့ ဘာမှမမြင်ရ ...

"ရှုပ် ... ရှုပ် ... ရှုပ်"

ခြေသံက သူ့အနီးသို့လာသည်။ သူ့စိတ်ကထင်တာလား မဟုတ်နိုင်။ မောင် သူ့ဆီလာနေတာပဲဖြစ်မည်။

"ဟင်"

ခြေသံကဧည့်ခန်းထဲ အရောက်မှာရပ်သွားသည်။

"မောင် ... မောင်ရောက်လာပြီလား"

" ... "

"ခရေ မေးနေတယ်လေ ... မောင်ဖြေပါ ... မောင့်ကို ဘယ်သူမှ သက်မခံဘူးမလား။ ခရေ လက်ခံတယ် ဒီမှာနေနော်"

" ... ... "

ခရေတစ်ယောက်တည်း စကားပြောနေသည်။ သက်တန့် သူပြောတာ တွေလည်း ကြားမည်ထင်၏။

"ခရေ ... ထားတဲ့အခန်းမှာနေနော်၊ မောင့်ကို ဘယ်သူမှရန်မလုပ် စေရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"…"

"မောင် ခရေကို ပြန်ပြောလို့မရတာလား၊ ကိစ္စမရှိဘူး မောင် ခရေ ဘေးနားမှာရှိတယ်ဆိုတာ ခရေ ယုံတယ်"

"…"

ခရေပြောတဲ့အသံက တိုးတိုးလေးပေမယ့် တိတ်ဆိတ်နေတဲ့ညမို့ အနည်းငယ်ကျယ်တယ်ထင်ရသည်။

ထိုစဉ် …

"ဖလပ်"

ဝည်ခန်းမီးက ရုတ်တရက်မီးလင်းသွား၏။ ခရေ မီးဖွင့်သူကို ဒေါသ ထွက်စွာကြည့်လိုက်သည်။

"နီလာ … ဒါဘာလုပ်တာလဲ"

"ဟို … ဘာမှမလုပ်ပါဘူး၊ စကားပြောသံကြားလို့ ထကြည့်တာ"

အမှောင်ထဲတွင် ခရေ ရှိမှန်း နီလာ လုံးဝမသိခဲ့။ ရုတ်တရက် ခရေ ကိုတွေ့လိုက်တော့ အံ့သြလို့လည်းသွားသည်။

"ငါ … ပြောနေတာ"

"ဟင် … ဘယ်သူနဲ့ ပြောနေတာလဲ၊ နင်တစ်ယောက်တည်းပါ"

မျက်လုံးကိုပွတ်ပြီး နီလာကပြောသည်။

"မောင်နဲ့ ပြောနေတာ … နင်မီးဖွင့်လိုက်တာနဲ့ မောင်ဘယ်ရောက်သွား ပြီလဲ မသိဘူး …"

"ဟာ … ခရေ ပေါက်ကရ"

"ဘာပေါက်ကရမှာလဲ … မောင် ငါ့နားမှာရှိနေတယ်၊ မီးပြန်ပိတ် လိုက်၊ ဝိညာဉ်တွေကအလင်းရောင်ကြောက်တာ နင်မသိဘူးလား"





ထိုအချိန်တွင် ခပ်ဝေးဝေးမှ ခွေးအူသံတို့ကို စတင်ကြားလိုက်ရ သည်။

"အူ … ဝူး … အူ … ဝူး"

"ဟာ … ခွေးတွေအူနေပြီ၊ ခရေ … အိပ်ပါတော့လား"

"ဘာလို့အိပ်ရမှာလဲ … ခွေးတွေအူတာ ကောင်းတယ် အူပစေ"

"ဟင်"

နီလာ တဖြည်းဖြည်းလန့်လို့လာသည်။ ရူးရူးဝါးဝါး ခွေးအူသံတွေက သူတို့အိမ်နှင့် နီးသထက်နီးလို့လာနေသည်။

"အူ … ဝူး … အူ … ဝူး"

"ခရေ … ခွေးတွေ အိမ်ရှေ့မှာတအားအူနေတယ် လာပါ … အခန်းထဲဝင်အိပ်ရအောင်"

"နင့်ဘာသာအိပ် … အဲဒီခွေးတွေ ဘာလို့အူလဲသိလား"

"မ … မသိဘူး"

"ဒီအိမ်ထဲမှာ မောင်ရှိတာ သူတို့သိတယ်လေ … ခွေးတွေက ဝိညာဉ်ကိုမြင်ရတယ်ဆို နင်ကြားဖူးမှာပေါ့"

ခရေရဲ့ပုံက ပုံမှန်မဟုတ်ရဲ့လားဟု တွေးထင်မိသလို၊ နီလာကိုယ်တိုင် လည်း ခရေကိုလန့်လို့နေမိသည်။

"ငါတောင်းပန်ပါတယ် ခရေရယ်၊ အိပ်ပါတော့ အပြင်မှာခွေးတွေ ဆောက်အူနေတာ ကြောက်စရာကောင်းပါတယ်"

"ခွေးအူတာဘာဖြစ်လဲ … ငါကပျော်တောင်ပျော်သေးတယ် … အူ … အားရပါးရအူကြ … ဟား … ဟား … ဟား … ဟား"

ခရေ တစ်ယောက်ရူးသွပ်သူပမာ အားရပါးရရယ်မောလို့နေလေ သည်။



www.burmeseclassic.com

www.burmeseclassic.com



နီလာလည်း ဆက်မနေဝံ့တော့တာကြောင့် သူ့အခန်းဆီသို့ပြန်လာကာ ဝင်အိပ်လိုက်တော့သည်။



## အခန်း (၈)

ခရေ မောင်တို့အိမ်ရောက်တော့ ဧည့်ခန်းထဲတွင် မောင့်မေမေကြား ခရေ မသိသည့် အမျိုးသမီးကြီးတစ်ဦးနှင့် ထိုင်စကားပြောနေသည်။

ခရေကို မြင်တော့ ...

"သမီး ခရေပါလား လာထိုင်၊ အခုပဲ သားအကြောင်းပြောနေတာ"

"အန်တီ ... အိမ်ကိုလာမှာတယ်ဆိုလို့"

ဧည့်ခန်းဆိုဖာထိုင်ခုံတွင်ဝင်ထိုင်ရင်း ခရေကမေးလိုက်သည်။

"အင်း ဟုတ်တယ်၊ သမီးတို့ဘက်က အသိတစ်ယောက်ဆီလာရင်းသာတာ တိုင်ပင်စရာရှိလို့"

"ပြောပါ အန်တီ ... ခရေ နားထောင်နေပါတယ်"

"အန်တီ ... သားကိုအိပ်မက်,မက်တယ်၊ အိပ်မက်ထဲမှာ သားမကောင်းဘူး၊ အဝတ်အစားတွေလည်း ဟောင်းနွမ်းနေတာပဲ"

မောင့် မေမေဒေါ်နှင်းဆီဏ်အသံက ဝမ်းနည်းသံပါနေသလို မျက်ရည်



www.burmeseclassic.com

www.burmeseclassic.com



ကလည်း တစမ်းစမ်း။ ဘေးကအဒေါ်ကြီးဂ ...

"မောင်သက်တန့်က ... နှင်းဆီကို ဘာပြောသွားသေးလဲ"

"ဘာမှမပြောပါဘူး၊ စိတ်မကောင်းလိုက်တာ မြလေးရယ်၊ သားနေတဲ့နေရာက အိမ်တစ်အိမ်ရဲ့မှောင်နေတဲ့ အခန်းမှာ"

"ရှင်"

ခရေ အံ့သြလို့သွားသည်။ ဒေါ်နှင်းဆီက ခရေအား ...

"ဘာလို့လဲ ... သမီး၊ သမီးလည်း အန်တီမက်သလို မက်လို့လား"

"ဟင့်အင်း ... မမက်ပါဘူး"

"အန်တီလေ ... သားအတွက်အလှူတစ်ခုလောက်လုပ်ပေးချင်လို့"

"အလှူဟုတ်လား ... အန်တီ၊ ဘယ်လိုအလှူလုပ်မှာလဲ"

ခရေ လန့်ဖြန့်ပြီးမေးလိုက်ခြင်းဖြစ်သည်။

"ဘုရားတစ်ဆူဆူမှာ ဇရပ်တစ်ဆောင်လောက် လှူချင်တယ်၊ ဒါမှမဟုတ် ဘုန်းကြီးကျောင်းတစ်ကျောင်းမှာ ဆွမ်းစားဆောင်လှူချင်တယ်၊ အဲဒီကျရင် သားလည်း သာဓုခေါ်ခွင့်ရသွားမှာပေါ့၊ တကယ်လို့ သားသာဝိညာဉ်ဘဝရောက်နေရင် အန်တီစိတ်မကောင်းလို့ ဆုံးမှာမဟုတ်ဘူး"

ဒေါ်နှင်းဆီကပြောရင်း ပါးပေါ်သို့မျက်ရည်များစီးကျလို့လာသည်။ ဘေးက ဒေါ်မြလေးဆိုသည့် အန်တီကြီးက ...

"မောင်သက်တန့် စိတ်သဘောထားအရမ်းကောင်းပါတယ်၊ မဟုတ်တဲ့ဘဝရောက်နေမှာ မဟုတ်ပါဘူး ...

နှင်းဆီလှူမယ်ဆိုတဲ့ အလှူကိုလှူလိုက် လိုအပ်တာ မြလေးလည်း ဝိုင်းကူမယ်"





"ဟို ... ဟိုလေ ... ခရေနည်းနည်းလောက်ပြောလို့ရမလား"

"ပြောပါ ... သမီးဆန္ဒကို ပွင့်ပွင့်လင်းလင်းပြောပါ၊ သားမရှိပေမယ့် အန်တီတို့က သမီးကို ကိုယ့်သမီးလေးလို သဘောထားပါတယ်"

ဒေါ်နှင်းဆီ လှိုက်လှိုက်လှဲလှဲပြောတော့ ခရေက ...

"ခရေ ... သဘောက မောင့်အတွက် အလှူမလုပ်စေချင်သေးဘူး"

"ဘာ ... ဘယ်လို"

နားမလည်ခြင်းများစွာနှင့် ဒေါ်နှင်းဆီနှင့် ဒေါ်မြလေးက ခရေကို ဝိုင်းကြည့်ကြသည်။

"ဟုတ်တယ် ... မောင့်အတွက်ရည်စူးပြီးလှူလို့ မောင်သာ သာဓုခေါ်ခွင့်ရသွားရင် ခရေ့ဆီမှာ မောင်နေမှာ မဟုတ်တော့ဘူး"

ခရေ မျက်နှာတည်တည်နှင့် နံရံကိုကြည့်ပြီး ...

"မောင့်ကို သင်္ဂြိုဟ်တဲ့နေ့ကတည်းက သင်္ချိုင်းကနေ မောင့်ဝိညာဉ်ကို ခရေ အိမ်ကိုခေါ်လာတယ်၊ ခုဆို ... ခရေ့အိမ်က အိမ်ခန်းတစ်ခန်းမှာ မောင်ရှိနေတယ်"

"ခရေ ... မဟုတ်တာကွယ် မဖြစ်နိုင်ပါဘူး"

"ခရေ ... တကယ်ပြောတာ၊ ခရေ မောင့်ကိုမစွန့်လွှတ်နိုင်ဘူး၊ ဝိညာဉ်ဘဝရောက်လည်း ခရေကမောင့်ကိုချစ်မှာ"

"ဟင်"

ဒေါ်နှင်းဆီအပြင် ဒေါ်မြလေးပါ ခရေကို ဘာဆက်ပြောရမှန်းမသိတော့။ ခရေပြောတာကို မယုံတစ်ဝက်ယုံတစ်ဝက်ဖြစ်နေသည်။

"အန်တီ ... မောင့်အတွက် ရည်စူးပြီး လှူလို့ မောင်သာ သာဓုခေါ်ခွင့်ရ



www.burmeseclassic.com

www.burmeseclassic.com



ခရေ့ဆီကထွက်သွားမှာပေါ့ … ခရေ တောင်းပန်ပါတယ်၊ ခရေ မောင့်ကို ခွဲနိုင်ဘူး"

"သမီးရယ် … အဲဒီလိုလည်း မဟုတ်သေးဘူးလေ"

"ခရေ့ကိုသနားပါ၊ ခရေ မောင့်ကိုသိပ်ချစ်လို့ပါ … အန်တီနားလည်ပေးပါနော်"

ဒေါ်နှင်းဆီရှေ့တွင် ခရေကဒူးထောက်ကာ ငိုပြီးပြောလေသည်။ ဒေါ်မြလေးကတော့ ခေါင်းတခါခါနှင့် …

"သမီး … ဝိညာဉ်ဘဝဆိုတာ တကယ်တော့ ပြိတ္တာဘဝပဲ၊ ဘုရားဟောတွေထဲမှာပါတယ်လေ၊ အစားဆင်းရဲ အနေဆင်းရဲနဲ့ တအားဒုက္ခရောက်တယ်တဲ့ ဒါကြောင့် …

သူတို့ကို အထောက်အပံ့ဖြစ်အောင် နောက်လူကလှူပေးရတယ်"

"မဟုတ်ဘူး … အန်တီ … ခရေသိတာ ခရေ မောင့်ကိုမခွဲနိုင်တာပဲ"

ခရေရှိုက်ကြီးတငင်ငင်ငိုရှဲ့ပြောတာမို့ ဒေါ်နှင်းဆီက …

"ထသမီး … အန်တီတို့ သားအတွက်အကောင်းဆုံးဖြစ်မယ့်အရာကိုလုပ်ကြတာပေါ့"

"အန်တီ … ဘာလုပ်လုပ် ခရေ့ကို အသိပေးပါနော်"

"အေးပါ … သမီးရယ်"

ဒေါ်နှင်းဆီနှင့် ဒေါ်မြလေးတို့က သက်တံ့အကြောင်းကို မပြောတော့ပဲ တခြားအကြောင်းတို့ကိုသာပြောလို့နေတော့သည်။

ခရေလည်း သူစိတ်ဝင်စားသည့်အကြောင်းများ မဟုတ်တာကြောင့် ကြာကြာဆက်နားမထောင်ချင်တော့၍ …





"အန်တီ … ခရေ ပြန်လိုက်ဦးမယ်"

"ဪ … အေးအေး … ကိစ္စရှိရင် သမီးဆီ အန်တီဖုန်းဆက်လိုက်မယ်"

"ဟုတ်ကဲ့ အန်တီ"

ထို့နောက် ခရေလည်း သက်တံ့တို့အိမ်မှပြန်လာခဲ့သည်။ အပြန်လမ်းတွင် ကားကိုသာမောင်းလာရသော်လည်း စိတ်ကမပါ။

မောင်တစ်ယောက် လူ့ဘဝကထွက်သွား၍ ခရေ့ရှေ့မတတ်ခံစားရပြီးပြီ၊ အခုတစ်ခါလည်း ဝိညာဉ်ဘဝနဲ့ တခြားဘဝသို့ ကူးသွားခဲ့ရင်ဆိုသည့် အတွေးတို့က ခရေ့ရင်ကိုပူလောင်လွန်းလှသည်။

ဘယ်သူတွေ ဘယ်လိုပင် သူ့ကိုမြင်ပစေ၊ မောင်နှင့်ပတ်သက်ရင် လုံးဝဆုံးရှုံးမခံဟု စိတ်ထဲကပိုင်းဖြတ်ထားသည်။

အစွန်းရောက်ချစ်ခြင်းတွေနှင့် သူမတူအောင် ဝိညာဉ်ဘဝရောက်သည့်တိုင် အချစ်ကြီးသည့်သူ့ကို လူတွေနားမလည်လည်း ခရေကသူယုံကြည်ရာကို ဆက်လုပ်မည်ဟုသာ ဆုံးဖြတ်ထားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၉)

ခရေဆေးရုံမရောက်တာကြာပြီဖြစ်သောကြောင့် ဒီနေ့ နေ့လယ်ပိုင်း မြို့ထဲသို့အလာတွင်ဝင်လိုက်၏။

ဆေးရုံက အရင်သူလာစဉ်ကလို ကြောက်စရာသိပ်မကောင်း နေ့လယ်ခင်းလည်းဖြစ်တာကြောင့် လူသွားလူလာကများသည်။

အထူးကုသဆောင် အဝင်ဝရောက်တာနှင့် စင်္ကြံတွင်လမ်းလျှောက်နေသော မင်းသတ္တကိုအဆင်သင့်ပင်တွေ့လိုက်၏။

"ခရေပါလား ... လာ ... လာ ကျွန်တော်ပျင်းနေတာနဲ့ စင်္ကြံမှာထွက်လမ်းလျှောက်နေတာ"

"မင်းသတ္တဆီမရောက်တာကြာလို့ မြို့ထဲလာရင်းနဲ့ ဝင်လာတာ နေကောင်းတယ်မလား"

"ကောင်းတယ် ... အားလုံး အိုကေပဲ ဆရာဝန်ကြီးက ခွင့်ပြုရင် ရှေ့အပတ်ထဲ ဆေးရုံကဆင်းရမယ်"





စကားတပြောပြောနှင့်လျှောက်လာရင်း မင်းသတ္တနေသည့်အခန်းထဲရောက်တော့ ကုလားထိုင်တွင် ခရေဝင်ထိုင်လိုက်သည်။

"မင်းသတ္တနှလုံးခုန်တာရော ပုံမှန်ပဲလား"

ခရေအမေးကို မင်းသတ္တအဓိပ္ပါယ်ပါပါနှင့်ပြန်ကြည့်ရင်း ...

"ပုံမှန်ပါပဲ ခရေ ... ကျွန်တော် ခရေ့ကိုအားနာနေတာ"

"ဘာကိုလဲ"

"သက်တန့်ဆီကသွေးနဲ့ ကျွန်တော်အသက်ရှင်ခဲ့သလို ကျွန်တော်နှလုံးအလှူရှင်ကိုစောင့်နေတဲ့အချိန်မှာ သက်တန့်ကမမျှော်လင့်ပဲဆုံးပြီး သူ့နှလုံးသား ကျွန်တော်ကိုလှူခဲ့တယ်"

"အားလုံးဟာ ကံတရားပဲပေါ့"

"အခုဆို ကျွန်တော် ကျန်းမာရေးကောင်းတဲ့လူတစ်ယောက်ဖြစ်တော့ ... အဲဒီကျရင် သက်တန့်လိုစိတ်မျိုးထားနိုင်အောင်ကြိုးစားမယ်"

မင်းသတ္တကဘယ်လိုအဓိပ္ပာယ်နှင့်ပြောမှန်း ခရေမသိပါ။ သို့သော်

"မင်းသတ္တဆိုလိုတာက"

"သက်တန့်က အရမ်းဖြူစင်တယ် စိတ်ထားနူးညံ့တယ် ချစ်သူကိုလည်း ... တတ်တယ် ဒါနှလုံးကောင်းလို့ အဲဒီလိုနှလုံးကို ကျွန်တော်ကံကောင်းစွာ ... ိုက်တယ်လေ"

"မောင်က ကံဆိုးသွားတာပါ"

ခရေစိတ်ထဲကသာပြောလိုက်ခြင်းဖြစ်သည်။ သူ့ကံကောင်းဖို့အတွက် ... င်ကသေခဲ့ရတယ်လေ ...

ကံကြမ္မာလို့ပြောမယ်ဆိုရင်တောင် မင်းသတ္တရဲ့ကံကြမ္မာက ကောင်း ... နေတယ်လို့ ခရေတွေးမိသည်။

www.burmeseclassic.com



"ခရေ ... ဘာတွေတွေးနေတာလဲ"

"ဒီလိုပါပဲ ဘာရယ်မဟုတ်ပါဘူး"

"ခရေ အရမ်းပိန်သွားသလိုပဲ၊ အိပ်ရေးအပျက်မခံပါနဲ့ ပြီးခဲ့တာတွေ မေ့လိုက်ပါတော့"

မင်းသတ္တစကားကြောင့် ခရေ ထိုင်ရာမှထလိုက်ပြီး ...

"မေ့လိုက်ရမယ်ဟုတ်လား မင်းသတ္တ ၊ ခရေ ဘာလို့မေ့ရမှာလဲ မောင့်ကိုမေ့ရမှာလား"

"ကျွန်တော် ခရေ့အတွက်ပြောတာပါ"

"ကျေးဇူးတင်ပါတယ် မင်းသတ္တ ... ခရေ မင်းသတ္တဆီလာတ အားတော့နာတယ် မင်းသတ္တကျန်းမာရေးအခြေအနေထက် မင်းသတ္တမှာရှိ တဲ့ မောင့်ရင်ခုန်သံကို နားထောင်ချင်ဖို့ပဲ"

"ကျွန်တော် နားလည်ပါတယ်"

ခရေရဲ့ပွင့်ပွင့်လင်းလင်းပြောတာကို မင်းသတ္တစိတ်မဆိုးဘဲ လေ အေးအေးဖြင့် ပြန်ပြောလိုက်၏။

"ခရေ ... မောင့်ကို ဘယ်တော့မှမမေ့ဘူး၊ မောင်က လူ့လောက၊ ထွက်သွားတာတောင် ခရေ့အတွက် သူ့နှလုံးသားကိုထားခဲ့တယ်"

"ခရေ သက်တန့်ကို သိပ်ချစ်တာပဲနော်"

"ချစ်တယ် မင်းသတ္တ၊ ပြောမပြတတ်အောင်ကိုချစ်တာ၊ အဲဒီအ အတွက် ခရေအရမ်းကိုပူလောင်နေတယ် ...

ဒါကြောင့်လည်း မင်းသတ္တဆီမှာရှိနေတဲ့ မောင့်နှလုံးသားကို မက် မောမောလာနားထောင်တာလေ"

မင်းသတ္တစာနာတာလား ခရေပြောနေတာကိုပဲ သနားတာလား





မသိ မျက်နှာကအနည်းငယ်ညှိုးသွားသည်။

"ခရေ ... ခုဘာလုပ်ချင်လဲ"

"မင်းသတ္တဆီက မောင့်နှလုံးခုန်သံကိုနားထောင်ချင်တယ်"

"ကောင်းပြီလေ"

မင်းသတ္တ ခုတင်ပေါ်တွင် အသာပက်လက်လှန်ပေးလိုက်ရာ ခရေ က မင်းသတ္တဘယ်ဘက်ရင်အုံပေါ်တွင်နားကပ်၍ နားထောင်လိုက်သည်။

"မောင်ရယ်"

မျက်လုံးထဲကမျက်ရည်တို့က ခရေ ပါးပေါ်စီးကျလို့လာသည်။ နှလုံးခုန် သံက အချက်တိုင်းမှာ ...

"ခရေ့ကို မောင်အရမ်းချစ်တာပဲ"

ဟု ပြောနေသည်ဟုထင်ရသည်။ အချိန်အနည်းငယ်ကြာတော့ မင်းသတ္တက ...

"ရပြီလား ... ခရေ"

"အော် ... အင်း"

ကိုယ်ကိုပြန်မတ်လိုက်ပြီး မင်းသတ္တအမေးကိုဖြေလိုက်၏။

"ကျေးဇူးပဲမင်းသတ္တ "

"ကျွန်တော်က ကျေးဇူးတင်ရမှာပါ၊ ကိုယ့်အသက်သခင်ရဲ့ သိပ်ချစ်ရ တဲ့ချစ်သူက သူ့နှလုံးသားကို ဂရုစိုက်တာလေ"

"မင်းသတ္တကိုခရေတောင်းဆိုချင်တယ်"

"ဘာများလဲ ကျွန်တော်လုပ်ပေးနိုင်တာ လုပ်ပေးဖို့ အသင့်ပါပဲ"

"မင်းသတ္တမှာချစ်သူရခဲ့ရင် ရင်ခွင်ထဲထည့်ပြီး မောင့်နှလုံးခုန်သံကို နားထောင်ခိုင်းပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ ... "

"မောင်နဲ့ပတ်သတ်လို့ ခရေမှာ ကျန်ခဲ့တာ မောင့်နှလုံးသားပဲရှိတာ၊ ခရေ သွားတော့မယ်"

ပြောရင်းအခန်းထဲမှထွက်လာခဲ့တော့သည်။ မင်းသတ္တကတော့ ဘယ်လို ကျန်ခဲ့မယ် သူမသိ။ သိစရာလည်း လိုမည်မထင်ပါ။ မောင်နဲ့ပတ်သတ်လို့ ခရေ တောင်းဆိုခွင့်ရှိသည်လေ ...



အထူးကုသဆောင်အပြင်ဘက်ရောက်တော့ အအေးတိုက်ဘေး လမ်းကလေးမှ လျှောက်လာခဲ့သည်။

အအေးတိုက်ဆိုသည့်အသိကြောင့် စိတ်ထဲအနည်းငယ်လန့်ပေမယ့် နေ့လယ်ခင်းမို့ ကြောက်စိတ်ကမရှိ။ တစ်ဘက်အဆောင်ထိပ်ရောက်တော့ သူ့ကို ခါးထောက်ပြီးရပ်ကြည့်နေသည့် အဘိုးအိုကိုတွေ့လိုက်သည်။

"ဟင်"

အဘိုးအို့ရဲ့ပုံစံက မပြုံးမရီ တည်တည်နှင့်ဖြစ်ပြီး ရပ်ဆိုးလုတာကြောင့် ည်း ရုတ်တရက်မြင်ရတော့ လန့်လို့ပင်သွားသည်။

"ဘာလာလုပ်ပြန်တာလဲ"

သူ့ကိုနှုတ်ဆက်သလိုလိုနှင့် မေးလိုက်ရာ ခရေက ...

"လူနာ ဆေးရုံကမဆင်းသေးလို့လာမေးတာ အဘိုး"

"ကောင်းတယ် ... မသာဖြစ်တဲ့လူတွေက ငါ့ဆီလာတယ်၊ မဖြစ်တဲ့ တွေက အိမ်ပြန်ကြတယ်၊ ဘာပဲဖြစ်ဖြစ် ငါ့ဆီလာရင် ငါကကျောင်းကောင်း ခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

အအေးတိုက်စောင့် အဘိုးအိုက ညှော်ခံတယ်ဆိုတဲ့စကားကြောင့် ခရေ
အံ့သြသွားသည်။

"မသာကို ညှော်ခံတာ တစ်ခန်းပဲရှိတယ်၊ အဲဒါက သူတို့ကိုမပုပ်အောင်
ထားတာပဲ၊ ဒါနဲ့ မင်းရောဘယ်တော့လာမှာလဲ"

"ဘာပြောတာလဲ လူကအကောင်းကြီး"

ခရေ ရန်ပြန်တွေ့သလိုပြောလိုက်ရာ —

"ဟား ... ဟား ... ဟား"

အဘိုးအိုက ရယ်မောလိုက်သည်။ ပြီးမှ —

"ငါ့ကို လက်ဖက်ရည်ဖိုး မနက်ကပေးတဲ့လူ ညနေမှာ မသာအဖြစ်
ငါ့ဆီရောက်လာဖူးတယ်၊ လူဆိုတာပြောလို့ ဘယ်ရမလဲ ... သွားတော့
ငါနောက်တာပါ"

ခရေလည်း ကျက်သရေမဲ့တဲ့စကားတို့ကို ကြာကြာနားမထောင်ချင်
တာကြောင့် အဘိုးအိုရှေ့မှ ခပ်သွက်သွက်ထွက်လာခဲ့သည်။

ဆေးရုံရှေ့ကားထားရာ ပါကင်မှ ကားကိုမောင်းထွက်လာခဲ့ပြီး မြို့လယ်
လမ်းမအတိုင်းလျှောက်လာရင်း စိတ်ကူးတစ်ခုရတာနှင့် စတိုးဆိုင်ကြီးတစ်ဆိုင်ရှေ့
သို့ရောက်သောအခါ ကားရပ်လိုက်သည်။

ဆိုင်ထဲသို့ဝင်လာရင်း ကောင်တာတစ်ခုရှေ့၌ —

"အစ်မတို့ဆိုင်မှာ အလှပန်းခြင်းရှိလား"

" ရှိပါတယ် — ပန်းအစစ်နဲ့ ကော်ပန်းနှစ်မျိုးရှိပါတယ်၊ အနောက်
ဘက်ကောင်တာမှာပါ လိုက်ခဲ့လေ"

စတိုးဆိုင်ဝန်ထမ်းအမျိုးသမီးက ဆိုင်အနောက်ဘက်ကောင်တာတွင်





သောပန်းခြင်းတို့ကိုပြသည်။

"လက်ဆောင်ပေးဖို့လား ညီမ"

"မဟုတ်ဘူး၊ အမှတ်တရ အိမ်မှာထားဖို့ပါ"

"အဲလိုဆို — ကော်ပန်းခြင်းတွေယူပေါ့ အရမ်းလှပါတယ်"

ဝန်ထမ်းအမျိုးသမီးက စိတ်ရှည်စွာနှင့်ရှင်းပြပေမယ့် ခရေကအနားကပ်
၍ လေသံတိုးတိုးဖြင့် ...

"သေသူအတွက်ပေးတဲ့ပန်းခြင်းပဲပေးပါ"

"ရှင်"

ဝန်ထမ်းအမျိုးသမီးက အံ့သြစွာနှင့်ငြင်းမည်ကြံနေစဉ်မှာပဲ နှင်းဆီနှင့်
ရေပန်းအစစ်တို့ကို လှပစွာပုံဖော်ထားသည့် ပန်းခြင်းကိုယူ၍ ငွေရှင်းကောင်
တာတွင် ငွေသွားရှင်းကာ ထိုစတိုးဆိုင်မှ ခရေ ထွက်လာခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## ဝိညာဉ်မွေးထားသည့်အိမ်

### အခန်း (၁၀)

ခရေ အိမ်ရောက်တာနဲ့ လက်ထဲပါလာသည့်ပန်းခြင်းကို နီလာမြင့်တော့ ...

"ပန်းခြင်းကလှလိုက်တာ ဧည့်ခန်းမှာအလှထားဖို့လား ခရေ"

"မဟုတ်ပါဘူး ... မောင့်ကို လက်ဆောင်ပေးမလို့"

"နင်ကလည်းဟယ် ပန်းခြင်းကဧည့်ခန်းထဲမှာထားမှကောင်းမှာပေါ့ ဟိုအခန်းထဲမှာထားရင် ... ဘယ်သူမှလည်းမြင်မှာမဟုတ်ဘူး"

နီလာ ပန်းခြင်းကို တယုတယကိုင်ကြည့်ရင်းပြောသည်။ ခရေက–

"ဒီမယ်နီလာ ဒီအိမ်မှာ ဘာအလှအပမှမလိုတော့ဘူး၊ ငါဘာလုပ်လုပ် မောင့်အတွက်ပဲဖြစ်ရမယ်"

ခရေရဲ့ပြတ်သားတဲ့စကားကြောင့် နီလာ ပန်းခြင်းကိုစားပွဲပေါ်ချထားလိုက်သည်။ သက်တန့် ဆုံးပြီးကတည်းက ခရေရဲ့ပုံသဏ္ဌာန်ဟာ အရာရာပြောင်





သွားခဲ့သည်။

အချိန်တိုင်း တွေးငိုင်နေသလို ညဘက်ဆို တစ်ယောက်တည်း စကားပြောနေတတ်၏။

နီလာတို့အပေါ် အရင်ကဆို အရေးပေးလိုက်လျောဆက်ဆံပေမယ့် အခုတော့ ... ဖာသိဖာသာနေတော့သည်။

နီလာက ခရေ့အပေါ်နားလည်သလို သူငယ်ချင်းဆိုသည့် သံယောဇဉ်ကကြီးတာမို့ ခရေ ဘာပြောပြောစိတ်ဆိုးခြင်းမရှိ သည်းခံရှာသည်။

ဒီအိမ်ကြီးတွင်လည်း ခရေ အဖော်ရအောင်သာလာနေသည်။ သူမိဘတွေက မြစ်ဝကျွန်းပေါ်ရှိ မြို့တစ်မြို့မှ ငွေကြေးပြည့်စုံသူများဖြစ်၏။

ကျောင်းပြီးသွားသော်လည်း ကုမ္ပဏီတစ်ခုတွင် အလုပ်ဝင်လုပ်ပြီး အဆင်မပြေသဖြင့် ထွက်လိုက်သည်။

နောက်အလုပ်တစ်ခုကို ဆက်ရှာနေရင်း သူ့မြို့သို့မပြန်ဘဲနေလိုက်ခြင်းဖြစ်သည်။

"ခရေ ... ညနေ ကျောင်းပြန်လာမှာ စောမယ်တဲ့ ... ငါတို့ဘုရားသွားရအောင် ..."

"ဘုရား ... ဟုတ်လား ဘာသွားလုပ်မှာလဲ"

ခရေက စကားကိုတစ်လုံးချင်းမေးလိုက်သည်။

"ဘုရားသွားတာပဲဟယ် ... ဘုရားရှိခိုး ဆုတောင်းဖို့ပေါ့၊ ဒီကိုရောက်တာကြာပြီလေ"

"ဆုတောင်းဖို့ ... ဟုတ်ပြီသွားမယ်လေ၊ ညနေစောင်းမှသွားမှာလား ခဏအိပ်လိုက်ဦးမယ် ... ပန်းခြင်းကို ဟိုကိုင် ဒီကိုင်မလုပ်နဲ့နော်"

"ခရေကလည်းဟယ်"



www.burmeseclassic.com

www.burmeseclassic.com



ခရေကပြောပြီး သူ့ အိပ်ခန်းဆီသို့ ဝင်လာခဲ့သည်။ အဝတ်အစားတို့ကိုလဲလိုက်ပြီး အိပ်ရာပေါ်၌ ပက်လက်လှန်ကာ လှဲလိုက်သည်။

မျက်လုံးထဲတွင်လည်း သက်တန့်ရဲ့မျက်နှာကို မြင်လို့လာသည်။

စွဲမက်ဖွယ်အပြုံးတို့ဖြင့် ကြည်လင်လွန်းသည့်မောင်ဟာ ခရေကို သိပ်ချစ်ခဲ့သည်လေ  ခရေကလည်း မောင်ချစ်တာထက် မလျော့ဘဲ ချစ်ခဲ့သည်။

သက်တန့်နှင့်ခရေတို့ ဘုရားရောက်ခဲ့စဉ်က ...

"ခရေ ... ဘုရားမှာ ဘာဆုတောင်းလဲဟင်"

"အင်း ... မောင်နဲ့မခွဲမခွာ အသက်ထက်ဆုံး ပေါင်းသင်းရပါလို၏လို့"

ခရေပြောတာကို သက်တန့်က ပြုံးပြီး ...

"တကယ်လို့ မောင်သေသွားခဲ့ရင် ဘယ်လိုလုပ်မလဲခရေ"

"အို ... ပေါက်ကရ"

"ဥပမာပြောတာပါ ဖြေလေ"

"မောင်သေသွားလည်း ခရေက မောင့်ကိုမခွဲပါဘူး၊ ဝိညာဉ်ဘဝနဲ့ပေါင်းမှာပေါ့"

"တကယ်နော် ... "

"တကယ်ပေါ့ မောင်ရယ် ... ခရေက မောင့်ကိုသိပ်ချစ်တာပါ"

သက်တန့်က ခရေရဲ့လက်ကို တယုတယဆွဲကိုင်လိုက်ပြီး ...

"မောင်ယုံပါတယ်ခရေ ... မောင်ကလည်းလေ မောင်ဝိညာဉ်ဘဝရောက်ရင် ခရေ့ဆီမှာလာနေမှာ ဘယ်ကိုမှမသွားဘူး"

"မောင် ဘယ်လိုဘဝမျိုးပဲဖြစ်ဖြစ် ... ခရေ လက်ခံထားမှာပါ၊





မောင်ဟာ ခရေ့ဘဝအတွက် အမြဲအရေးပါနေတဲ့သူလေ"

ခရေရဲ့စကားလေးတွေကို ကြည်နူးစွာနားထောင်ရင်း သက်တန့်ရင်မှာကြည်နူးလို့နေ၏။

"မနက်ဖြန်ကျရင် မောင်တို့ မင်းသတ္တကိုသတင်းသွားမေးရအောင်"

"မင်းသတ္တ နေမကောင်းပြန်ဘူးလား"

"ဟုတ်တယ် ... ခရေ၊ ဆေးရုံတင်ထားရတယ်၊ မောင်တောင်အခုမနက် သွေးလှူခဲ့သေးတယ်"

"မောင်လည်း သူ့ကိုသွေးလှူနေရတာနဲ့ သွေးမကျန်ဘဲနေဦးမယ်၊ မင်းသတ္တကလည်းအမြဲသွေးလိုနေတာပဲ"

သက်တန့်က သူ့ကိုစိုးရိမ်တဲ့ခရေကို ကြင်နာစွာကြည့်ရင်း ...

"မင်းသတ္တနဲ့မောင်က သွေးချင်းတူတယ်လေ၊ ဘာပဲဖြစ်ဖြစ် ရောဂါသည်တစ်ယောက်ကို သွေးလှူရတာ ကုသိုလ်ရပါတယ် ဇီဇီတဒါနပေါ့ခရေရယ်"

"မောင်လှူတာကို ခရေအပြစ်တင်တာမဟုတ်ပါဘူး၊မောင့်ကျန်းမာရေးအတွက်ပြောတာ"

သက်တန့်က ပခုံးတစ်ချက်တွန့်ပြီး ...

"မောင်က ကျန်းမာရေးကောင်းပြီးသား ဘာမှမပူနဲ့"

"မင်းသတ္တရောဂါက အမြဲဒီလိုဖြစ်နေမှာလား မသိဘူးနော်"

"နှလုံးလဲမယ်လို့တော့ ပြောတယ်၊ ဒါကလည်း အလှူရှင်ရှိမှဖြစ်မှာဖြစ်နိုင်ရင် မောင်က မောင့်နှလုံးကိုလှူလိုက်ချင်တာ"

"အမလေး မလုပ်လိုက်ပါနဲ့ မောင်ရယ်  မောင်သာ နှလုံးမရှိရင်ခရေ့ကိုဘယ်လိုချစ်မလဲ ... "

"မင်းသတ္တကိုသနားလွန်းလို့ပြောတာပါ ခရေရဲ့၊ မောင့်နှလုံးသားက



www.burmeseclassic.com

www.burmeseclassic.com



ခရေ့ကိုချစ်တဲ့အချစ်တွေနဲ့ခုန်နေတာလေ''

''မောင်က တကယ်အပြောကောင်းတယ်''

ကျေနပ်ပီတိစိတ်တွေနှင့် သက်တန့်ရင်ခွင်ထဲကို ခေါင်းဝင်ရင်း သက်တန့်နှလုံးခုန်သံကို နားထောင်လိုက်သည်။

''ဒုတ် ... ဒုတ် ... လို့ မြည်နေတယ်မောင်''

''ဒုတ် _ ဒုတ် _ မဟုတ်ဘူး ခရေရဲ့၊ ခရေကိုချစ်တယ်၊ ခရေကို ချစ်တယ်နဲ့မြည်နေတာ''

''မောင်ရယ်''

ဘုရား ရင်ပြင်အနောက်ဘက် လူရှင်းသည့်နေရာတွင် နှစ်ဦးသား ကြည်နူးပျော်ရွှင်နေကြသည်။

''ဩော် _ ငါအိပ်နေတယ်ထင်လို့၊ ခုနကဖုန်းလာတော့ နောက်မှ ပြန်ဆက်လို့ပြောလိုက်တယ်''

အခန်းဝတွင်ရပ်၍ ခရေကို လှမ်းပြောနေသော နီလာကို တွေ့လိုက်ရသည်။

''ဘယ်က ဖုန်းလဲ''

''သက်တန့် အမေဆီကဖုန်းလေ _ နောက်မှဆက်မယ်တဲ့''

''ဘာပြောသွားသေးလဲ''

''နင်နဲ့ပြောမယ် ပြောတာပဲ''

''အေးလေ _ ပြီးတာပဲ၊ လူကသာ အိပ်ချင်နေတာ အိပ်လို့မပျော်ပါဘူး၊ ဟိုတွေး ဒီတွေးနဲ့''

''နင်လည်း အိပ်ရေးပျက်ပေါင်းများပြီ ကိုယ့်ကိုယ်ကိုယ်လည်း ဂရုစိုက်ဦး''





ပြော၍ပြန်ထွက်သွားသည်။ သက်တန့်အမေ ခေါ်နှင်းဆီ ဖုန်းဆက်တာဆိုလျှင် ဘယ်လိုကိစ္စများရှိနေမလဲဟု တွေးလိုက်မိသည်။

အလှူကိစ္စများဖြစ်နေမလားဆိုတဲ့စိတ်က သူ့ရင်ကိုပူလောင်စေသည်။ မဖြစ်ပါစေနဲ့ဟုသာ အကြိမ်ကြိမ်ဆုတောင်းနေမိသည်။

အိပ်လို့လည်းမပျော်တာကြောင့် အိပ်ရာထ၍ ရေချိုးခန်းသို့ဝင်ကာ ရေချိုးလိုက်တော့သည်။

ရေကိုကြာကြာချိုးလိုက်တော့ သိပ်မကြာခင်မှာပဲ လူလည်းလန်းလို့လာသည်။ စိတ်ထဲ၌လည်းကြည်လင်လာပြီး ကိုယ့်ကိုယ်ကိုယ်မပြင်ဆင်တာကြာပြီမို့ စိတ်ရှိလက်ရှိကိုပြင်ဆင်၍ နေလိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## ရသေ့ပြောတဲ့ ဖျာန်းဆက်

### အခန်း (၁၁)

မိုးချုပ်စ ညဦးပိုင်း ဘုရားရင်ပြင်တော်တွင် အေးချမ်းလို့နေသည်၊ ဘုရားဖူးသူများလည်း ရှင်းနေတာမို့ စိတ်ကြည်လင်စွာ ဝတ်ပြုဆုတောင်းလို့ ရလေသည်။

ခရေ အရှေ့ဘက်တနလ်ာထောင့်တွင် ပန်း ဆီမီးတို့ကို ကပ်ပူဇော် လိုက်သည်။ နီလာက စနေထောင့်တွင်သွား၍ ပူဇော်သည်။

ကေခိုင်နှင့်ခရေက နေ့တူတာမို့ အတူတကွ ဘုရားဝတ်ပြုကြသည်

''ဒီအချိန် ဘုရားဖူးရတာ အရမ်းအေးချမ်းတာပဲနော်၊ ခရေ သက်တန့်အတွက်အလှူလုပ်ပေးပါလား''

ကေခိုင်ကပြောတော့ ခရေက မျက်နှာတည်တည်နှင့် ...

''ငါ ... မောင့်ကိုမခွဲနိုင်သေးဘူး ကေခိုင်''

''ဘာဆိုင်လို့လဲ ... ခရေရယ်၊ အလှူလုပ်ပေးတာနဲ့ သက်တန့်က





ခရေကိုခွဲသွားမှာနဲ့တခြားစီပဲ''

''နင်မသိပါဘူး ကေခိုင် _ ငါကြားဖူးတာက ဝိညာဉ်ဘဝရောက်နေ လို့ သူ့အတွက်ရည်စူးပြီး အလှူလုပ်ပေးရင် ဘဝကူးသွားတယ်တဲ့၊ မောင် တခြားဘဝရောက်သွားရင် ငါ့ကိုထားခဲ့မှာပေါ့''

''ခရေရယ် ... အစွန်းသိပ်မရောက်စေချင်ဘူး''

ကေခိုင်က နီလာလိုမဟုတ်။ အနေအေးလို စကားပြောလျှင်လည်း ညင်ညင်သာသာလေးပြောတတ်သူမို့ ခရေနှင့် အမြဲအဆင်ပြေသည်။

ကုမ္ပဏီတစ်ခုတွင် စာရင်းကိုင်ဝန်ထမ်းဝင်လုပ်နေသလို နယ်မှနွမ်းပါး သည့်မိဘတို့ကို ငွေပို့နေသူလည်းဖြစ်သည်။

ခရေနှင့်အတူနေပြီး ခရေ့ဆန္ဒကို အမြဲလိုက်လျောစွာ ဆက်ဆံတတ်သူ သည်းဖြစ်သည်။

'';ငါ _ ဘုရားရောက်ရင် မောင့်ကိုအရမ်းသတိရတာပဲ''

''ပြီးခဲ့တာတွေလည်း ပြီးခဲ့ပြီပဲ _ ဟို မင်းသတ္တ ဆေးရုံကဆင်းတော့ လား''

''သိပ်မကြာတော့ဘူး ပြောတာပဲ''

''ငါ _ မင်းသတ္တကိုသိပ်သဘောမကျဘူး ခရေ၊ သူ့ပုံစံက ဘယ်သူ အထာထားပုံမရဘူး၊ သက်တန့်နှလုံးသား သူ့မှာရှိတယ်ဆိုပေမယ့် သူ့ကို တော့ နင်သတိထားရလိမ့်မယ်ခရေ''

ကေခိုင်က _ တွေးတွေးဆဆနှင့်ပြောသည်၊ အရာရာကို သေချာအေး နှင့်စဉ်းစားတတ်သူမို့ ကေခိုင်ရဲ့စကားတွေက နေရာတော်တော်များများ နဲ့တတ်သည်။

ခရေက ...



www.burmeseclassic.com

www.burmeseclassic.com



"ငါ ... မင်းသတ္တုကိုဘယ်လိုမှစိတ်မဝင်စားဘူး။ ငါ ... စိတ်ဝင်စားတာ သူ့ဆီမှာရှိတဲ့ မောင့်နှလုံးသားပဲ"

"နင့်စိတ်ဓာတ်ကို ငါသိပါတယ်၊ မင်းသတ္တုဘက်က နင့်သိပ်မြတ်နိုးတဲ့အရာကို ခုတုံးလုပ်ပြီး အခွင့်အရေးယူမှာစိုးလို့"

"မပူနဲ့ ခရေဟာ နုတတ်တဲ့ မိန်းမတစ်ယောက်မဟုတ်ဘူးဆိုတာ နင်သိပါတယ် ကေခိုင်"

"အေးလေ ... ခရေက စိတ်မာပါတယ်၊ ငါကအစိုးရိမ်လွန်တာပဲ ဖြစ်မှာပါ"

ခရေနှင့်ကေခိုင်တို့ စကားတပြောပြောနှင့် လျှောက်လာကြရာ စေ ထောင့်တွင် နီလာက သူတို့နှစ်ယောက်ကိုစောင့်နေသည်။

"ငါစောင့်နေတာကြပြီ ‗ နင်တို့ဘုရားရှစ်ခိုးတာကြာလိုက်တာ"

"ဘုရားရှစ်ခိုးပြီးတာကြာပြီ ... စကားထိုင်ပြောနေကြတာ ..."

ကေခိုင်ကပြောတော့ နီလာက ‗

"တစ်အိမ်ထဲနေရတာ မတွေ့ရတော့ ဘုရားလာပြောကြတယ်ပေါ့ နင်တို့ပြောတဲ့အထဲမှာ ငါ့အကြောင်းပါတယ်မလား"

"ပါတယ် ... နင်အပျိုကြီးလုပ်မှာလား၊ မလုပ်ဘူးလားလို့ ... နင်သာအပျိုကြီးလုပ်ရင် ဒီထက်စကားပိုများမယ်"

ကေခိုင်ကနောက်လိုက်တာကို နီလာကဒေါသထွက်ပုံနှင့် ‗

"အံမာ ‗ ငါအပျိုကြီးမလုပ်ဘူး ယောက်ျားယူမှာ ‗ နင်တို့မယူသေးလို့ စောင့်နေတာ၊ ငါ့စေတနာကိုမစော်ကားနဲ့"

"သူယောက်ျားမယူတာ ငါတို့ကြောင့်တဲ့ ‗ မရတာများ မသိဘ မှတ်လို့"





"ကေခိုင်နော်‗ ငါလုပ်လိုက်မယ်၊ ဘုရားမှာမို့ သည်းခံနေတယ်မှတ်"

"ကဲပါဟယ် ... စကားများမနေပါနဲ့၊ အနောက်ဘက်ရင်ပြင်ကို သွားရအောင်"

ခရေကဝင်ပြောတော့ ကေခိုင်နှင့်နီလာက ခရေ့ဘေးကနေတွဲ၍ ဘုရားအနောက်ဘက် ရင်ပြင်ဆီသို့ထွက်လာသည်။

အနောက်ဘက်ရင်ပြင်တွင် ထိုင်၍စကားပြောနေစဉ် ရသေ့တစ်ပါးက သူတို့သုံးဦးထိုင်ရာသို့လာ၍အလှူခံသည်။

ခရေက နှစ်ရာတန်တစ်ရွက်ထုတ်၍ လှူလိုက်ရာ ‗ ရသေ့ကြီးက

"သာဓု ‗ သာဓု ‗ သာဓု ‗ အခုလိုလှူတဲ့အလှူက ဘယ်သူ့အတွက်လှူတာလဲ ဒကာမလေး"

"ရှင်"

ရသေ့ကြီးအမေးကြောင့် ခရေအံ့သြသွားသလို ကေခိုင်နှင့်နီလာက စိတ်ဝင်တစားနှင့်ကြည့်နေသည်။ တည်ငြိမ်အေးချမ်းသော ဥပဓိရုပ်ရှိသလို ကြည်ညိုဖွယ်ကောင်းလှသည့်ရသေ့ကြီးကို ခရေငေးချလိုက်ပြီး ‗

"တပည့်တော်မရဲ့ အလှူပါဘုရား"

"ဒီအချိန်ဟာ ရသေ့ရဲ့အလှူခံချိန်မဟုတ်ပါဘူး ‗ ဒါပေမဲ့ ပဋ္ဌာန်း ဆက်ရှိတဲ့ ဒကာမလေးကိုတွေ့ချင်လို့ ရသေ့လာခဲ့တာပါ"

ရသေ့ကြီး၏စကားတွေက ဇွဲငင်အားတစ်ခုပါနေသလို သူတို့သုံးဦး ငြိမ်ခံစားရသည်။

"တပည့်တော်မ ... အခု ..."

"ရသေ့ပြောမယ် ... လောကမှာ မလုပ်သင့်မလုပ်အပ်တာတွေ လုပ်မိရင်နဲ့ ကိုယ့်အကျိုးတစ်ခုကိုပဲကြည့်ပြီး တခြားဘဝတွေကို ချုပ်ငြိမ်းနှောင်ဖို့မကြိုး



www.burmeseclassic.com

www.burmeseclassic.com



စားနဲ့ ...

တစ်ချိန်ကြရင် မလိုအပ်တဲ့အကျိုးသက်ရောက်မှုကို ခံစားရလိမ့်မယ်
ရသေ့သတိပေးတာပါ။ ကဲ ... ရသေ့ပြန်ကြတော့မယ် ဒကာမလေးလို့တဲ့ဆု
တောင်းပေတော့"

ခရေ ရုတ်တရက်ဘယ်လိုဆုတောင်းရမှန်းမသိ။ စိတ်ထဲပေါ်လာ
သည့် ...

"တပည့်တော်မ ချစ်သူ၏နှလုံးသားကို အသက်ဆုံးတဲ့အထိ ပိုင်ဆိုင်
ရလို၏"

ဟုဆုတောင်းလိုက်သည်။ ရသေ့ကြီးက ...

"ပြည့်စေလို့ ရသေ့ ဆုမပေးချင်ဘူး ... အရာရာဟာ ကံတရားအတိုင်း
ဖြစ်နေကြတာမလား"

ပြောကာ ပြန်ကြွသွားလေသည်။ နီလာက ရသေ့ကြီး၏ကျောပြင်ကို
ကြည့်ရင်း ...

"အရမ်းထူးဆန်းတာပဲနော် ခရေ့ကိုမှတိုက်တိုက်ဆိုင်ဆိုင် လာမိ
တယ်"

"ဘုရားပဲ နီလာရယ်၊ ရသေ့တို့ ဘုန်းကြီးတို့ရှိတာ ဘာဆန်းလို့လဲ
ခရေ့ကိုပြောသွားတာတွေကလည်း တိုက်ဆိုင်တာနေမှာပါ။ တို့စိတ်ထဲမှာသာသ
ပြုနေသူလို့ နှလုံးသွင်းရင် ကုသိုလ်ရပါတယ်"

ကေခိုင်ကပြောတော့ ခရေက ...

"လာဟာ ... တို့တွေ ရသေ့ကြီးနောက်လိုက်ကြည့်ရအောင်၊ ဘုရ
ား က မဆင်းလောက်သေးပါဘူး"





"လိုက်ကြည့်မယ်လေ"

ထို့နောက် ...

သူတို့သုံးယောက် ရသေ့ကြီးထွက်သွားရာဆီသို့ လိုက်ကြည့်ကြသည်။
တွေ့သဖြင့် ဘုရားတစ်ပတ်လုံးပတ်ရှာသော်လည်း ရသေ့ကြီးကို လုံးဝမတွေ့
ရတော့ ...

နီလာက ...

"မောလာပြီဟယ် ... ထပ်ရှာလည်းတွေ့မှာမဟုတ်တော့ဘူး ပြန်ကြ
ရအောင်"

"ငါရှာချင်သေးတယ်"

"ခရေရယ် ... ရှာလို့တွေ့ရင် နင်ကဘာမေးမလို့လဲ၊ ခုနတွေ့တုန်း
က မမေးဘဲနဲ့"

"မေ့သွားလို့ပါ ... ငါမေးချင်တာက ငါ့အိမ်မှာ မောင်တစ်ယောက်ရှိ
နေလားဆိုတာပဲ"

"ဟင်"

"ခရေရယ်"

နီလာနှင့် ကေခိုင်ကအံ့သြစွာရေရွတ်လိုက်သည်။ ခရေကျေနပ်အောင်
တော့ နောက်တစ်ကြိမ်ဘုရားတစ်ပတ်ပတ်ကာရှာကြည့်ရာ မတွေ့သဖြင့် အရှေ့
မုခ်ဆောင်တန်းမှဆင်းကာ အိမ်ပြန်လာကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## သေသူအတွက် အလှူ

### အခန်း (၁၂)

ဒေါ်နှင်းဆီ အိမ်ကိုလာသည့်ဧည့်သည်များကို မမောနိုင်မပန်းနိုင် ဧည့်
နေရသည်။ သူတို့ရပ်ကွက်တွင်းရှိ ဝါဆိုဦးဘုန်းတော်ကြီး ကျောင်းဆောင်သစ်
အတွက် ဆောက်လုပ်ရန်အလှူငွေပေးအပ်ပွဲနှင့်အတူ သားဖြစ်သူသက်တန်
သေဆုံးသည့် တစ်လပြည့်ဆွမ်းကျွေးအလှူကို ပြုလုပ်ခြင်းဖြစ်သည်။

"မနှင်းဆီ အခုလို သားအတွက်ရည်စူးပြီး အလှူလုပ်တာ သိပ်ကောင်း
တယ်ဗျာ"

"ဟုတ်ပါတယ် ကိုအောင်မိုးရယ်၊ နှင်းဆီတို့မှာ ဒီသားလေးတစ်
ယောက်ပဲရှိတာ မမျှော်လင့်ဘဲဆုံးသွားတော့ ယူကြုံးမရဖြစ်ရပါတယ်"

"ကံတရားလို့ ဖြေလိုက်ပါ မနှင်းဆီ၊ သေသူအတွက်ရည်စူးပြီး အလှူ
လုပ်ပေးတာ သူ့အတွက်အထောက်အပံ့ရပါတယ်"

"အဲဒါကြောင့် နှင်းဆီလှူတာပေါ့၊ နောက်လည်းသားအတွက်
လှူဦးမှာ"





"ကောင်းတယ် ... ကောင်းတယ်"

ဦးအောင်မိုးက ဒေါ်နှင်းဆီနှင့် မိတ်ဆွေရင်းချာများဖြစ်သလို တစ်ဦး
အကူအညီလိုပါက တစ်ဦးကကူညီကြသည်။

သက်တန့်ရဲ့အဖေ ဦးမျိုးလွင် နိုင်ငံခြားရောက်နေတာမို့ ဦးအောင်မိုးက
ဒေါ်နှင်းဆီလုပ်ချင်သည့်ဆန္ဒကို ဦးမျိုးလွင်ကိုယ်စား ကူညီဆောင်ရွက်ပေး
သည်။

အလှူကိုလာသည့် လူအများစုမှာ ဒေါ်နှင်းဆီတို့၏ ကြွယ်ဝချမ်းသာ
သည့် အသိုင်းအဝိုင်းမှဖြစ်တာကြောင့် ရွှေအကြောင်း၊ ငွေအကြောင်း၊ လုပ်ငန်း
အကြောင်းတို့ကိုသာ ပြောသည်ကများသည်။

သက်တန့်၏ လလည်းဆွမ်းသွတ်ဆိုတာတောင် မေ့နေကြ
သည်။

သူဌေးအလှူမို့လည်း အစားအသောက်ကအလျှံအပယ် ဘယ်သူမှ
ဘုတ်တိုပတ်တိ သိပ်မစားကြ။

ထိုစဉ် ...

"တူ ... တူ ... တူ ..."

ဖုန်းဝင်လာသဖြင့် ဒေါ်နှင်းဆီ ဖုန်းကောက်ကိုင်လိုက်၏။

"ဟဲလို"

"ခရေပါ ... အန်တီ ဖုန်းဆက်တယ်ဆိုလို့"

"ဟုတ်တယ် သမီးရေ ... ဒီနေ့သားဆုံးတာ တစ်လပြည့်ပြီဆိုတော့
အလှူလုပ်တာ သမီးကိုအကြောင်းကြားမလို့"

"ရှင် ... ဘယ်လို မောင့်အတွက် အလှူလုပ်တာ ... ဟုတ်လား
အန်တီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် _ သမီး _ မကြာခင် ဘုန်းကြီးတွေရောက်လာတော့မယ်၊ ရေစက်ချပြီး သားအတွက်အမျှပေးဝေမယ်လေ"

ဖုန်းကိုကိုင်ထားသည့် ခရေ့လက်တွေ တုန်လို့လာသည်။ ဒေါ်နှင်းဆီကို ဘာဆက်ပြောလို့ပြောရမှန်းမသိတော့ _

"သမီး ... လာခဲ့ပါလား၊ သားအတွက် အမျှဝိုင်းဝေပေးကြတာပေါ့"

"ဟင့်အင်း ... ဟင့်အင်း ... သမီး အမျှမဝေဘူး"

ပြော၍ ဖုန်းကိုပိတ်လိုက်သည်။

ထို့နောက် အသံကုန်ဟစ်၍ ...

"နီလာ ... နီလာ ... လာဦး"

နီလာ တော်တော်နှင့်ပေါ်မလာ ခရေ စိတ်မရှည်တော့၍ အိမ်နောက်ဘက်သို့တန်းဝင်လာပြီး နီလာကိုလိုက်ရှာလိုက်သည်။ ရေချိုးခန်း၌ ရေသံကြား၍ အခန်းအပြင်ဘက်မှ ...

"နီလာရေ ... နီလာ"

"ဟေ ... ငါရေချိုးနေတယ် မပြီးသေးဘူး"

အထဲမှ နီလာကပြန်အော်သည်။

"မြန်မြန်လုပ် အရေးကြီးလို့"

"ဟာ ... ငါအခုမှဝင်တာ ... "

"နောက်မှဆက်ချိုးဟာ ... ငါအရေးတကြီးပြောစရာရှိလို့"

နီလာ ရေချိုးခန်းမှထွက်လာပြီး ခရေကို ...

"ပြော ... ဘာပြောမှာလဲ ရေချိုးနေတာတန်းလန်းကြီး"

"နင် မောင့်အမေ ဒေါ်နှင်းဆီကို သိတယ်မလား"

"အေး ... သိတယ်၊ ဘာဖြစ်လဲ"





"အခု _ သူတို့အိမ်မှာ မောင့်ရဲ့လလည်းဆွမ်းသွတ် အလှူလုပ်တယ်၊ မကြာခင် မောင့်ကိုအမျှဝေပေးတော့မယ်တဲ့"

ခရေပုံစံက အလောကြီးလို့နေသည်။

နီလာက ...

"ကောင်းတာပေါ့၊ သက်တန့်အတွက် ကုသိုလ်လုပ်ပေးတာပဲ"

"နင်ဘယ်လိုပြောလိုက်တာလဲ နီလာ၊ မောင်ကအခု ငါတို့အိမ်မှာရှိနေတာ သူတို့အလှူကြောင့် မောင်သာကျွတ်သွားရင် ဘယ်လိုလုပ်မလဲ"

"ခရေ _ နင့်စိတ်ကိုထိန်းစမ်း၊ နင်ဘာလို့ ဘဝအမှန်ကို မမြင်နိုင်တာလဲ"

"ငါ အမှန် ဘာလို့မမြင်နိုင်ရမှာလဲ၊ မောင့်ခန္ဓာက ငါ့ကိုခွဲသွားပြီ၊ ခုတစ်ခါ ဝိညာဉ်ပါခွဲသွားရင် ငါသွားပြီ"

ရူးသွပ်သူပမာ ပြောဆိုနေသည့်ခရေကို နီလာက ပခုံးကိုလှမ်းဖက်လိုက်သည်။

"ခရေ ... နင် အခုဘာလုပ်ချင်တာလဲ"

"မောင့်ဝိညာဉ်ကို အပြင်ကိုမထွက်စေချင်တာ မောင်သာမှမခေါ်ရဘူး"

"ခရေရယ် ... "

နီလာဘယ်လိုမှ စိတ်မကောင်း အချစ်ဆုံးသူငယ်ချင်း၏ အရူးအသွမ်းတ မယုံနိုင်လောက်အောင်ဖြစ်မိသည်။

"လာ ... နီလာတို့တွေ အိမ်တံခါးတွေ လိုက်ပိတ်ကြမယ်"

ပြောလျှက် အိမ်တွင်းရှိပြတင်းပေါက်များကို အသွင်အမြန်လိုက်ပိတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



နီလာလည်း ခရေစိတ်ချမ်းသာစေရန် သူလုပ်သမျှ နောက်ကလိုက်လုပ်လိုက်၏။

အခန်းပေါင်းစုံ တံခါးများ ပြတင်းပေါက်များအပြင် အိမ်တံခါးမကြီးကိုပါ ပိတ်လိုက်သည်။

သူတို့အိမ်မှာ ခေတ်မီတိုက်ဖြစ်တာကြောင့် တံခါးများအားလုံးပိတ်လိုက်သောကြောင့် အပြင်မှ ဘာအသံမှကိုကြားရခြင်းမရှိတော့ ...

"ဟူး ... အခုမှပဲ စိတ်ထဲကအလုံးကျသွားတယ်"

ညှော်ခန်းဆိုဖာဆက်တီတွင် ခြေပစ်လက်ပစ်ထိုင်ပြီး ခရေက ပြောလိုက်၏။ နီလာက ...

"ကျေနပ်ပြီလား ခရေ ... ငါရေပြန်ချိုးတော့မယ် ... "

"ပြီးပြီမဟုတ်လား"

"ဘယ်လိုလုပ်ပြီးမှာလဲ ... နင်အတင်းလာခေါ်တော့ ထွက်လာရတာလေ"

ပြော၍ နီလာရေချိုးခန်းဆီသို့ထွက်သွားသည်။ ခရေလည်း ထိုင်ရာမှထ၍ သက်တန့်ဝိညာဉ်ထားသည်ဆိုသည့်အခန်းဆီသို့လာကာ အခန်းတံခါးကို ဖြည်းဖြည်းချင်းဖွင့်လိုက်သည်။

"ကို ... "

"ဟင်"

မှောင်မဲနေသောအခန်းထဲမှ စားပွဲခုံပေါ်တွင်တင်ထားသည့် သက်တန့်ဓာတ်ပုံက အောက်သို့ကျနေသည်။

ခရေလည်း အခန်းထဲသို့ တစ်လှမ်းချင်းဝင်လာပြီး စားပွဲအောက်က သက်တန့် ဓာတ်ပုံကိုကောက်၍ ယူကြည့်လိုက်သည်။





"ဟင်"

ခရေ ဓာတ်ပုံထဲမှ သက်တန့်ပုံကို မြင်လိုက်ရ၍ထိတ်လန့်ပြီး ပုံက အောက်သို့ လွတ်ကျသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

"ခရေ ... ခရေ ... ခရေ ... "

နီလာက ရေချိုးပြီး အဝတ်အစားလဲကာ အိမ်ရှေ့သို့ထွက်လာတော့ ခရေကိုမတွေ့သဖြင့် လိုက်ခေါ်လိုက်သည်။

"ဘယ်ရောက်နေလဲ _ အပြင်ထွက်မသွားလောက်ပါဘူး _ တံခါးတွေ အကုန်ပိတ်ထားတာပဲ"

ခရေ အိပ်ခန်းထဲ၌လည်းမရှိတာကြောင့် နောက်ဆုံးရှာရန် သက်တန့်ဝိညာဉ်ရှိသည်ဆိုသည့် အခန်းသာကျန်တော့သည်။

"ဟင် ... အခန်းတံခါးပွင့်နေပါလား"

အခန်းထဲသို့ အပြင်မှလှမ်းကြည့်ပြီး ...

"ခရေ ... နင် ဒီအခန်းထဲမှာလား"

အပြင်မှ လှမ်းခေါ်လိုက်သော်လည်း အထဲမှပြန်ထူးသံမကြားရ၊ သူကိုယ်တိုင်ကလည်း အခန်းထဲသို့ ရုတ်တရက်မဝင်ရဲ _





မဲမှောင်၍နေပြီး သက်တန့်ဝိညာဉ်သာအထဲတွင် တကယ်ရှိသည်ဆိုလျှင်ဆိုတဲ့အတွေးနှင့် နီလာထိတ်လန့်နေသည်။

"ခရေ _ ငါခေါ်နေတယ်လေ"

" ... "

အခန်းထဲမှ ပြန်ထူးသံကိုမကြားရ၍ အဝမှနေ၍အထဲသို့ အရဲစွန့်ကာ လှမ်းကြည့်လိုက်သည်။

"ဟင် ... ခရေ"

အိပ်ရာဘေး စားပွဲခုံရှေ့တွင် ပုံလျက်သားလဲနေသော ခရေကိုတွေ့ရ၍ အခန်းထဲသို့ ပြေးဝင်ကာ ခရေကိုပွေ့ထားလိုက်သည်။

"ခရေ ... နင်ဘာဖြစ်တာလဲ"

ပါးစပ်ကလည်းအတင်းအော်ခေါ်လိုက်သည်။ သို့သော် _ ခရေက သတိလစ်လို့နေသည်။ နီလာမချို၍ အခန်းပြင်ခေါ်ဖို့ကလည်း ခရေ့ကိုယ်ကို မနိုင်တာကြောင့် အဘဦးစိုင်းကိုသွားခေါ်ရန် ဆုံးဖြတ်လိုက်သည်။

ခရေကို ကြမ်းပြင်သို့အသာချကာ အခန်းထဲမှပြေးထွက်ပြီး ပိတ်ထားသည့်တံခါးမကြီးကို ဖွင့်ပြီးခြံထဲသို့ဆင်းလာသည်။

ခြံထဲတွင် အမှိုက်လှဲနေသည့် ဦးစိုင်းကိုအဆင်သင့်တွေ့လိုက်၍ –

"အဘ ... ခရေ ဟိုအခန်းထဲမှာ သတိလစ်နေလို့"

"ဟေ _ ဟုတ်လား"

ဦးစိုင်းက တံမြက်စည်းကိုအောက်သို့ပစ်ချကာ နီလာနှင့်အတူ အိမ်ပေါ်သို့ပြေးတက်လာသည်။

နီလာက ခရေ သတိလစ်နေသည့်အခန်းသို့ ဦးစိုင်းနှင့်အတူ သွားသည်။

"ဘယ်လိုဖြစ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး အဘ၊ သမီးရေချိုးအဝတ်အစားလဲပြီး — ခရေကိုမတွေ့ လို့လိုက်ရှာတာ ဒီအခန်းမှာတွေ့တာပဲ"

ဦးစိုင်းကအခန်းထဲကို မျက်လုံးဝေ့ကြည့်လိုက်ပြီး ခရေကိုပွေ့၍ အခန်းပြင်သို့ခေါ်လာခဲ့သည်။ ထို့နောက် ခရေ့အိပ်ခန်းထဲသို့ခေါ်လာပြီး အိပ်ရာပေါ်တွင် အသာချထားလိုက်သည်။

"နီလာ — ဒေါက်တာလွင်ဦးဆီ ဖုန်းဆက်စမ်း"

"ဟုတ်ကဲ့ — ဟုတ်ကဲ့ အဘ"

ခရေ့အိပ်ရာဘေးတွင်ရှိသော လက်ကိုင်ဖုန်းနှင့်ဒေါက်တာလွင်ဦးဆီ ဖုန်းဆက်၍ ပင့်လိုက်သည်။ ဦးစိုင်းက ခရေ့အိပ်ရာခုတင်ဘေး ထိုင်ခုံတွင်ထိုင်၍ ခရေကို စိတ်ပူစွာကြည့်နေသည်။ နီလာက ဦးစိုင်းအား လေသံတိုးတိုးနှင့် ...

"အဘ — ခရေ သက်တန့်ကိုတွေ့လို့ ကြောက်ပြီး သတိလစ်သွားတာလား"

"အင်း ပြောရမှာခက်တယ်၊ အဓိက,က စိတ်ပေါ့ကွယ်၊ သူ့စိတ်က အစွဲအလမ်းတစ်ခုကိုဖြစ်နေတာ ဒါပေမဲ့"

"ဘာလဲအဘ ဆက်ပြောလေ"

စကားကို လက်စနှင့်ရပ်ပစ်လိုက်သည့် ဦးစိုင်းအား နီလာက အားမလို အားမရနှင့်ပြောသည်။

"သက်တန့်သေတာကို ခရေက လက်ခံပေမယ့် သူမယုံနိုင်အောင်ဖြစ်နေတယ်၊ ဒါဟာလည်း နှင့်နှင့်သီးသီးခံစားခဲ့ကြတဲ့ချစ်သူတွေဖြစ်ခဲ့တာလေ"

"ဟိုလေ ခရေက သက်တန့်ရဲ့ ဝိညာဉ်ကို သင်္ချိုင်းကခေါ်လာတာ တတယ်လိုက်လာလို့ရလားဟင်"





ဦးစိုင်းက ခေါင်းကို ခပ်လေးလေးခါလိုက်သည်။

"အခုခေတ်လူငယ်တွေက ထင်ရာကိုလျှောက်လုပ်နေကြတာ၊ ဒါတွေ တာ မလုပ်သင့်မလုပ်အပ်တဲ့အရာတွေပေါ့ကွယ်"

"တီ ... တီ ... "

"တီ ... တီ ... "

ထိုစဉ် — ခြံထဲမှ ကားဟွန်းသံကိုကြားရသဖြင့် ဦးစိုင်းက ထိုင်ရာမှထ၍ ဒေါက်တာလွင်ဦးကို ကြိုရန် အပြင်သို့ထွက်လာခဲ့သည်။

ဒေါက်တာလွင်ဦး အခန်းထဲရောက်တော့ ခရေကို လိုအပ်တဲ့စစ်ဆေးမှုတို့ကို ပြုလုပ်ပေးသည်။

"လူနာက သိပ်အားနည်းနေတယ်၊ စိုးရိမ်စရာတော့မရှိပါဘူး — တစ်ခုခုထိတ်လန့်စရာကြုံလို့ သတိလစ်သွားတာပါ ... ဒါနဲ့ အခုရက်ပိုင်း လူနာရဲ့အခြေအနေကိုပြောပါဦး"

ဒေါက်တာလွင်ဦး အမေးကို နီလာက ...

"အရာရာကိုငေးငေးငိုင်ငိုင်နဲ့ သေသွားတဲ့ သူ့ရည်းစားကို အမြဲတမ်းတနေတယ်"

"အိပ်ရေးပျက်တာတွေရောရှိလား"

"ရှိတယ် ညဘက်ဆိုတော်ရုံနဲ့မအိပ်ဘူး — "

ဒေါက်တာလွင်ဦးက အနည်းငယ်စဉ်းစားလိုက်ပြီး ...

"ခရီးတစ်ခုထွက်လိုက်ပါလား — စိတ်အပန်းဖြေတဲ့အနေနဲ့"

"ဟုတ်ကဲ့ — ခရေသတိရလာရင် တိုင်ပင်လိုက်ပါ့မယ်"

ဦးစိုင်းကတော့ ဘာမှဝင်မပြော ဘေးမှအသာရပ်ကြည့်နေသည်။ သိပ်မကြာခင်မှာ ...



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... အင်း ... "

"ဟင် ... ခရေ သတိရလာပြီ ... ခရေ သတိရလာပြီလား"

ခရေက မျက်စိကိုအနည်းငယ်ဖွင့်လိုက်ရာ ...

"အား ... မူးတယ် ... အရမ်းမူးတာပဲ"

"မူးရင် မျက်စိမဖွင့်နဲ့ဦး အသာမှိတ်ထား"

ဒေါက်တာလွင်ဦးကပြောပြီး ဆေးတစ်လုံးကိုထိုးပေးလိုက်၏။ နီလာက စိုးရိမ်စွာနှင့် ...

"ဆရာ ... ခရေ ဘာမှမဖြစ်ပါဘူးနော်"

"သတိရစမို့ပါ ... ဘာမှမဖြစ်ပါဘူး။ အိပ်ပျော်သွားလိမ့်မယ် နီးလာရင် ဒီဆေးတွေတိုက်"

လိုအပ်တဲ့ဆေးတို့ကိုသောက်ရန်ပြောပြီး ဒေါက်တာလွင်ဦးပြန်သွားတော့သည်။





အခန်း (၁၄)

"နင်ဘယ်လိုဖြစ်တာလဲ ခရေရယ် ... ငါစိုးရိမ်လိုက်ရတာ"

ခရေကိုဆေးတိုက်ရင်း နီလာမေးတော့ ခရေက ဘာမှပြန်မဖြေ၊ ခေါင်းကိုအသာယမ်းပြသည်။

"ဒေါက်တာကတော့ပြောတယ် ခရီးထွက်လိုက်ပါလားတဲ့ ... စိတ်အပြောင်းအလဲဖြစ်သွားအောင်"

"ငါ ... ဘယ်မှမသွားချင်ဘူး"

"ကျန်းမာရေးအတွက်ပဲ ခရေရယ် ... တို့တွေချောင်းသာဘက်သွားရအောင် ... ဟိုမှာပင်လယ်လေတဝကြီးရှူလိုက်ရင် နင့်စိတ်တွေလန်းသွားမှာပေါ့"

နီလာပြောတာကို ခရေ ခေါင်းမညိတ်ပေမယ့် ငြင်းတော့မငြင်း အသာငြိမ်နေသည်။

"ငါအိမ်ရှေ့ထွက်မယ် ... ငါ့ကိုတွဲဟာ ... အခန်းထဲနေရတာ ငါစိတ်လေန်းဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ် _ ခြံထဲမှာဆိုတော့ လေကောင်းလေသန့်ရတာပေါ့"

ခရေကို နီလာကပွေ့ထူလိုက်ပြီး အိပ်ရာပေါ်မှတွဲချ၍ အိမ်ရှေ့သို့ထွက်လာကာ ခြံထဲသို့ဆင်းလိုက်သည်။

သူတို့နှစ်ယောက်လာတာကို ဦးစိုင်းကမြင်တော့ ...

"သမီး ... သက်သာသွားပြီလား"

"ဟုတ်ကဲ့ ... အဘ"

"ဆရာဝန်မှာသွားတယ်မလား ... ခရီးတစ်ခုလောက်ထွက်လိုက်တဲ့"

"ခရေစဉ်းစားနေပါတယ်"

"အေးကွယ် _ အဘကတော့ သမီးကျန်းမာရေးကို အရမ်းစိတ်ပူတယ်၊ သမီးသာတစ်ခုခုဖြစ်သွားရင် အဘရင်ကျိုးရလိမ့်မယ်"

ဦးစိုင်းရင်ထဲကပြောသည့်စကားမှန်း ခရေခံစားလို့ရသည်။ ခရေငယ်စဉ်ကတည်းက မိဘနှင့်မခြားစောင့်ရှောက်ခဲ့သည်လေ။ သူတို့စကားပြောနေရာသို့ ဒေါ်နန်းမုံရောက်လာပြီး ...

"သမီး ... နေမကောင်းဘူးဆို"

"သက်သာသွားပါပြီ"

"အေး _ အေး _ ဒေါ်နန်းမုံနဲ့အဘကစိတ်ပူနေတာ၊ သက်သာသွားပြီဆိုတော့ တော်သေးတာပေါ့"

ထို့နောက် နီလာနှင့်အတူခြံထဲသို့ပတ်ကာ လမ်းလျှောက်လိုက်သဖြင့် စိတ်အနည်းငယ်လန်းလို့လာသည်။

"နီလာ ... အခုချိန်လောက်ဆို မောင့်အမေ အမှုဝေပြီးလောက်ပြီထင်တယ်"





"ခရေရယ် _ သူတို့က သူတို့အိမ်မှာလုပ်တာပါ _ တို့ဆီက ဘယ်ကြားပါ့မလဲ၊ နင်စိတ်ပူနေတာဖြစ်မှာပါ"

"ဟုတ်သားပဲ _ မောင်မကြားလောက်ပါဘူး၊ ငါစိုးရိမ်လွန်နေတာ"

ကြည်လင်ဝင်းပသွားတဲ့ခရေမျက်နှာပေါ်မှာ ဝမ်းသာကြည်နူးရိပ်တို့သန်းသွားသည်။

"ခရေ _ နင် ကိုယ့်စိတ်ကို ကိုယ်အေးချမ်းအောင်ထားပါ၊ သိပ်အစွဲကြီးရင် ကိုယ်ပဲဒုက္ခရောက်လိမ့်မယ်"

"ဘာလဲ _ ငါ မောင့်ကို အိမ်မှာထားတာပြောတာလား၊ မောင်ကအနားဆို အရင်လိုမဟုတ်တော့ဘူး၊ မောင့်ပုံစံက"

"ဘယ်လိုပုံဖြစ်နေလို့လဲ _ တစ်လလောက်ပြည့်ပြီဆိုတော့ အရင်လိုဟုတ်တော့ဘူးမလား"

ခရေက နီလာ့မျက်နှာကိုသေချာစိုက်ကြည့်ပြီး ...

"မောင် ဘယ်လိုဖြစ်နေဖြစ်နေ ငါမောင့်ကို အမြဲချစ်နေမှာ"

"ခရေရယ်"

ထိုစဉ် ...

"ဒူ ... ဝေ ... ဒူ ... ဝေ"

ကြေးစည်သံကို ခရေနှင့်နီလာကြားလိုက်ရ၍ ခြံအပြင်သို့ကြည့်လိုက်သည်။

"ဟင် ... "

ခရေ ရုတ်တရက်မတ်တတ်ထရပ်လိုက်သည်။

"အလှူခံပါ _ ဘုရားလှည့်ပြီး ဝတ်ရွတ်တာ ငါတို့သွားလှူရအောင်ခရေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ဝတ်ရွတ်သံက သံပြိုင်ထွက်လာလေရာ ခရေ့ပုံစံက ဆောက်တည်ရာမရ ဖြစ်နေသည်။

"နီ ... နီလာ"

"ဘာလဲ ... ခရေ"

"အဲဒီ အသံတွေ ... "

"ဘာလဲဟာ — ဝတ်ရွတ်သံပဲ ကောင်းတာပေါ့ အန္တရာယ်ကင်းအောင် ရွတ်တာလေ"

"မဟုတ်ဘူး ငါ့ခြံရှေ့မှာ မရွတ်ရဘူး ... မရွတ်နဲ့"

ခရေ၏ အော်သံကြောင့် နီလာလည်း ရုတ်တရက်ကြောင်သွားသည်။

"မောင် ... မောင်ကြားသွားရင် ... "

ပြော၍အိမ်ပေါ်သို့ပြေးထွက်သွားသည်။ နီလာက —

"ခရေ ... "

နောက်ကအတင်းလိုက်ခေါ်သည်။ ဦးစိုင်းက နီလာနားသို့ရောက်လာပြီး ...

"ဘာဖြစ်လို့လဲ သမီး၊ ခရေ ဘာဖြစ်သွားတာလဲ"

"ခြံရှေ့ကဝတ်ရွတ်သံကြောင့် — အိမ်ပေါ်အတင်းတက်ပြေးတာ"

"ဟင် ... "

ဝတ်ရွတ်သံက ခြံရှေ့မှ ညီညာစွာထွက်ပေါ်လာသည်။

"အန္တစကြဝဠာ အပွါယ်ဘုံသားတို့ ချမ်းသာကိုယ်စိတ်မြဲပါစေ"

ဦးစိုင်းနှင့် နီလာတို့လည်း ခရေနောက်သို့ ပြေးလိုက်သွားသည်။ အိမ်ပေါ်တွင် တံခါးများကို အပြေးအလွှားပိတ်နေသော ခရေကိုတွေ့ရသည်။





ဦးစိုင်းက ...

"သမီး ဘာဖြစ်တာလဲ — ဘာဖြစ်လို့လဲ"

"ဟော ... ဟဲ ... ဟို ... ဟို ... အသံတွေ"

မောလည်းမောတာကြောင့် စကားသံတို့က ချက်ချင်းထွက်လို့မလာ။

"ဝတ်ရွတ်တာလေ — ဘာဖြစ်လို့လဲ"

"မရွတ်ရဘူး — အဲဒီအသံတွေ မောင်သာကြားသွားရင် ... "

"သမီး — သတိထားလေ"

"နီလာ — တံခါးတွေပိတ် — လိုက်ပိတ် ငါပြောနေတာလေ"

ခရေမျက်လုံးကလည်နေပြီး နံရံကိုကျောနှင့်ကပ်လျှက်ပြောနေသည်။ ဝတ်ရွတ်သံက အိမ်ထဲသို့လွင့်လို့လာနေသည်။

"သမီး — တရားသံကကောင်းတဲ့အသံပဲ၊ သမီး ဘယ်လိုဖြစ်တာလဲ"

"မဟုတ်ဘူး — ဒီအသံကိုတွေကို မောင့်ကိုမကြားစေချင်ဘူး"

ခရေကအော်၍ သက်တန့်ရှိသည်ဆိုသည့် အခန်းသို့ပြေးကာ တံခါးတွင်ပိတ်ရပ်ထားသည်။

ဦးစိုင်းနှင့် နီလာက နောက်မှလိုက်သွားပြီး ...

"ခရေ ... နင် နေကောင်းတာမဟုတ်ဘူးလေ၊ ဝတ်ရွတ်သံတွေလည်း မကြားရတော့ပါဘူး"

နီလာက ခရေကျေနပ်အောင်ပြောပေမယ့် ဝတ်ရွတ်သံတွေကတော့ ကြားနေရဆဲ ...

"ဟင် — မကြားရတော့ဘူး၊ ဟုတ်လား နီလာ"

"ဟုတ်တယ် ခရေ — သွားပြီ — လာပါ အခန်းထဲသွားရအောင်



www.burmeseclassic.com

www.burmeseclassic.com



နော် _ သက်တန့်လည်း ဘာမှဖြစ်မှာမဟုတ်ဘူး''

''ဟုတ်တယ် သမီး၊ အဘလည်းမကြားရတော့ဘူး၊ အခန်းထဲဝင်အိပ်တော့နော်''

ဦးစိုင်းက ခရေစိတ်ကျေနပ်စေရန် လိုက်ပြောလိုက်ခြင်းဖြစ်၏။ ခရေက ခေါင်းကိုတစ်ဖက်စောင်း၍ နားစွင့်လိုက်သည်။

''ငါ့နားကကြားနေတယ် နီလာ၊ ကြားနေတယ်''

''နင် စိတ်ထင်တာ နေမှာပါ၊ လာပါ''

ခရေကို အသာအယာဆွဲခေါ်၍ အိပ်ခန်းဆီသို့လျှောက်လာလိုက်သည်။ ဦးစိုင်းကတော့ ခြံရှေ့ဝတ်ရွတ်အဖွဲ့ကို အလှူငွေလှူရန်ထွက်သွားသည်။

''နီလာ _ ဝတ်ရွတ်သံကို မောင်မကြားပါဘူးနော်''

''မကြားပါဘူး _ ဆေးတစ်ခွက်လောက်သောက်လိုက်ဦးနော်''

နီလာက ချော့မော့၍ ဆေးတိုက်လိုက်ရာ ခရေကသောက်လိုက်ပြီး အိပ်ရာပေါ်တွင် အသာလှဲနေလိုက်သည်။

''စိတ်ထဲ ဘာမှမတွေးနဲ့ ခရေ _ အိပ်ပျော်အောင် အိပ်လိုက်''

''ငါ မောင့်ကို အရမ်းစိတ်ပူတာပဲ''

''နင်အိပ်မှာသာ အိပ်စမ်းပါ၊ ငါရှိပါတယ် ဘာမှပူမနေနဲ့''

''ငါ _ အားကိုးပါတယ် နီလာရယ်''

ပြော၍ တစ်ဖက်သို့စောင်းပြီး မျက်စိကိုမှိတ်ထားလိုက်သည်။ နီလာလည်း ခရေအိပ်ပျော်သောက်ပြီဆိုမှ အခန်းအပြင်သို့ထွက်လာခဲ့တော့သည်။



## သူလာနေပြီ

### အခန်း (၁၅)

နီလာခြံထဲဆင်းလာပြီး ဦးစိုင်းကိုလိုက်ရှာသည်။ ဦးစိုင်းကိုပိတောက်ပင်ကြီးအောက် ခုံတန်းလျားတွင်ထိုင်နေတာကိုတွေ့တာနှင့် နီလာက _

''အဘ _ ခရေတော့အိပ်သွားပြီ _ သမီး ဆေးလည်းတိုက်ခဲ့တယ်''

''အေး _ အဘတော့ သမီးခရေအတွက် အရမ်းစိတ်ပူတယ်ကွယ် ဘယ်လိုလုပ်ရမှန်းတောင်မသိတော့ဘူး''

''သမီးစိတ်အထင်က ခရေရဲ့အစွဲအလမ်းက [illegible] ကောင်းတယ်၊ ကြာရင်ခရေ့အတွက်မကောင်းနိုင်ဘူး''

''ဟင်''

ဦးစိုင်းက သက်ပြင်းရှည်ကြီးကိုချလိုက်သည်။ ပြီးတော့ _

''အဘ _ သခင်ကြီးတို့ဆီအကြောင်းကြား[illegible] _ [illegible] တစ်ခုခုဖြစ်ရင် သခင်ကြီးတို့ရင်ကျိုးလိုက်မယ် _



www.burmeseclassic.com

www.burmeseclassic.com



အခုဟာက သက်ရှိထင်ရှားပေါ်မှာစွဲလမ်းနေတာမဟုတ်ဘူး ... ဝိညာဉ်ပေါ်မှာဆိုတော့ အဘ ဘယ်လိုလုပ်ပေးရမလဲ"

"ဟုတ်တယ်နော် အဘ _ သမီးလည်းကြောက်လာတယ်၊ ခရေ့ အပေါ်သံယောဇဉ်ရှိလွန်းလို့သာ ဒီမှာနေ့နေတာ"

ဦးစိုင်း ခေါင်းတညိတ်ညိတ်နှင့် ထိုင်ရာမှထ၍လက်နောက်ပစ်ကာ ခေါက်တုန့်ခေါက်ပြန်လျှောက်လို့နေသည်။

"သမီးတို့ ဒီအိမ်ကြီးက ပြောင်းမသွားနဲ့ဦး ... ပြောင်းသွားခဲ့ရင် သမီးသူငယ်ချင်းအခြေအနေက အခုထက်ပိုဆိုးလိမ့်မယ်"

"သမီးတို့ မသွားပါဘူး _ ဒါပေမဲ့ ညဘက်ဆိုတအားကြောက်တယ်၊ ခရေက အိပ်တာမဟုတ်ဘူး၊ ဟိုအခန်းထဲဝင်ဝင်သွားတာ"

"ဟင်"

နီလာပြောတဲ့စကားကြောင့် ဦးစိုင်းအံ့သြလို့သွားသည်။

"ဘာသွားလုပ်တာလဲ"

"သိပ်တော့မကြားရဘူး ... သူပြောတာက သက်တန့်နဲ့ပြောတာ ဖြစ်မယ်၊ ခရေ့ပုံကလည်းပြုံးရွှင်နေတာပဲ"

"ဟော ... "

ခရေရဲ့အဖြစ်အပျက်တွေက မယုံနိုင်လောက်အောင် ဖြစ်လို့သွား သည်။

"ခရေ သက်တန့်ကိုတကယ်မြင်တာလားအဘ၊ ညဘက် ခွေးတွေ လည်းတအားအူတာပဲ"

"ခွေးအူတာက အဘကြားပါတယ်၊ ခက်တာက ခွေးတွေက ဒီအိမ်ကြီး ကိုကြည့်အူကြတာ"





"ဟုတ်တယ်နော် ... သမီးတို့လည်း ကြောက်လွန်း [illegible] နေရာတောင်မရှိဘူး"

"အဘ _ သခင်ကြီးတို့ကိုလှမ်းပြောလိုက်ပါ့မယ်"

နီလာလည်း ဦးစိုင်းနှင့် အတော်ကြာအောင် ခရေ့အကြောင်း [illegible] နောက် အိမ်ပေါ်သို့ပြန်တက်လာသည်။ ဧည့်ခန်းတွင်ထိုင်၍ [illegible] ထိုင်ဖတ်နေစဉ် ...

"ရှပ် ... ရှပ် ... ရှပ်"

ခြေသံ _ တရွှေ့ရွှေ့လျှောက်လာသည့်အသံကို ကြား[illegible]

"ဟင်"

နီလာ စာအုပ်ကိုဘေးချ၍ အသံလာရာဆီကို နားစွင့်[illegible]

"ဖလပ် ... ဖလပ်"

ပြတင်းပေါက်လိုက်ကာတို့က ရုတ်တရက်လွင့်[illegible] လေတိုးသံလား ... ဒါမှမဟုတ် ...

"ရှပ် ... ရှပ် ... ရှပ်"

နီလာ ဘာလုပ်ရမှန်းမသိ။ အသံလာရာဆီသို့လည်း [illegible]

"ဝုန်း"

"အမလေး"

ဧည့်ခန်းနံရံကပ် ဗီရိုပေါ်မှ ပန်းအိုးအောက်သို့[illegible] နီလာ လည်း လန့်ဖျပ်ပြီး ထိုင်ရာမှထ၍ ရင်ဘတ်ကို လက်[illegible] ကြောက်လွန်း၍ အသားများလည်း တဆတ်ဆတ်တုန်[illegible]

"တူ ... တူ ... တူ ... "

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းသံက အဆက်မပြတ်မြည်တာကြောင့် တုန်နေသောလက်နှင့် လှမ်းကိုင်လိုက်သည်။

"ဟဲ ... လို"

" ... "

"ဟဲ ... လို ... ဘယ်သူလဲ ... နီလာပြောနေတယ်"

"ကျွန်တော်ပါ ... သက်တန့်"

"ဟင် ... "

"အုံး ... "

လက်ထဲကကိုင်ထားသည့်ဖုန်း အောက်သို့လွတ်ကျသွားသည်။ ဖုန်းစကားပြောသံတွေကြားနေရဆဲ ... နီလာ ကောက်မကိုင်ရဲ ...

သက်တန့်က သေပြီးပြီ ဘယ်လိုလုပ်ဖုန်းဆက်မှာလဲ ... ဖုန်းက သွားသည့်ဘေးသို့ ဒူးကိုကွေးကာထိုင်ချလိုက်သည်။

ဖုန်းကိုလည်း မရဲတရဲနှင့်ကောက်ကိုင်လိုက်သည်။

"ဟဲ ... လို"

"နီလာ ... ဖုန်းဘာဖြစ်သွားတာလဲ"

"ရှင် ... ရှင်"

"မင်းသတ္တပါ "

"ခုနပြောတော့ ... သက်တန့် ... ဆို"

အခုမှပဲ ကြောက်စိတ်တို့အနည်းငယ်ပြေလျော့သွားတော့သည် သေချာအောင်လည်းထပ်မေးလိုက်ခြင်းဖြစ်၏။

"သက်တန့်နှလုံးသားနဲ့လူလို့ပြောတာ ခရေရှိလား"

"အိပ်နေတယ်"





"ကျွန်တော် ... ဆေးရုံကဆင်းပြီ၊ ခရေကိုတွေ့ချင်လို့"

"ခရေ ... နေမကောင်းဘူး"

"ဟာ ... ဟုတ်လား ... ကျွန်တော်လာခဲ့မယ်၊ ခဏနေရင်

ကြီး ကျွန်တော့်ကိုလာကြည့်ဦးမှာ ... ပြီးရင်လာခဲ့မယ်"

"ရပါတယ် ... မင်းသတ္တလာရင်မိုးချုပ်နေပါ့မယ်"

နီလာက လက်မှနာရီကိုကြည့်ရင်းပြောလိုက်သည်။

"ကိစ္စမရှိဘူး ကျွန်တော် ကျန်းမာသွားပြီ"

"ဩော် ... အင်း ... ခရေနိုးရင်ပြောလိုက်မယ်"

ပြော၍ ဖုန်းပိတ်လိုက်သည်။ ဆိုဖာခုံတွင် ပြန်ထိုင်လိုက်ရင်း

ခြင်းပြင်းရှူလိုက်၏။

ဖုန်းပြောလိုက်၍ အာရုံပြောင်းသွားလို့လားတော့မသိ၊

ကြားရခြင်းမရှိတော့ ...

မင်းသတ္တ အိမ်ကိုလာမှာဆိုတော့ ဧည့်ခန်းကိုရှင်းမှကောင်း

တွေးမိပြီး ဖုန်သုတ် ပစ္စည်းတို့ကို သူ့နေနှင့်သူထားလိုက်သည်။

ကျကွဲသွားသည့်ပန်းအိုးကိုလည်း အမှိုက်ပုံးထဲသို့ထည့်တာ

သည်။

သိပ်မကြာခင်မှာပဲ သန့်ရှင်းရေးလုပ်နေသည့်သူ့ကို ...

"ဟဲ့ ... ဘာလုပ်နေတာလဲ"

"အမလေး ... "

နီလာ ရုတ်တရက်မို့ လန့်ပြီး ရင်ဘတ်ကိုလက်နှင့်ဖိ

ကြည့်လိုက်တော့ ခရေဖြစ်နေသည်။ ဆံပင်ကလည်း ဖွာ

ကြောက်စရာပုံဖြစ်လို့နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလန့်တာလဲ … ငါဘာဖြစ်နေလို့လဲ"

"ဘာ … ဘာမှမဖြစ်ပါဘူး … ခုန မင်းသတ္တုဖုန်းဆက်တယ် သူလာမယ်တဲ့"

"ဘာလာလုပ်မှာလဲ … "

ခရေက နားမလည်သည့်ပုံဖြင့်မေးလိုက်သည်။

"ဆေးရုံးဆင်းပြီတဲ့ နင့်ကိုတွေ့ချင်လို့နေမှာပေါ့"

"ဘာဆိုင်လို့လဲ … နေဦးဟ သူ့မှာ မောင့်နှလုံးသားရှိတယ် လာပေး နှလုံးခုန်သံကို သူ့ဆီကနားထောင်ရမယ်"

ချက်ချင်းတက်ကြွသွားသည့် ခရေ့ရဲ့ပုံစံကို နီလာငေးကြည့်မိသည်။

"ငါ … ရေချိုးလိုက်ဦးမယ် … မင်းသတ္တုလာလို့ ဒီပုံနဲ့ငါ့ကိုမြင်ရင် အထင်သေးသွားလိမ့်မယ်"

"နင် နေသိပ်မကောင်းသေးဘူးလေ"

"ရတယ် … ငါဘာမှမဖြစ်ဘူး"

နီလာလည်း ခရေကိုဘာမှမပြောတော့ ပြောလို့လည်းရနိုင်မှာမှမဟုတ် တာ … ထို့ကြောင့် လုပ်လက်စသန့်ရှင်းရေးအလုပ်ကိုသာ လုပ်နေလိုက်သည်။

ညှော်ခန်းမှာ လုပ်သေသပ်သလို နံရံများတွင်လှပသည့် နံရံကပ် ကျွန် ဗီရိုများရှိသည်။

အခင်းပါကေးအရောင်မှာလည်း တောက်ပနေ၏။ အလှပန်းအိုး မှာလည်း ညှော်ခန်းတွင်းတွင် လှပစွာကြွေပန်းအိုးများဖြင့်ထားသည်။

သူတို့အိမ်တွင် အိမ်ဖော်မထားဘဲ အလုပ်မှန်သမျှကို သုံးယော မှုဆေကာလုပ်ကြသည်။ ဒေါ်နန်းမွှားက တစ်ခါတရံ လာရောက်လုပ်ဆောင်ပေးသေ လည်း ခရေက အားနာ၍မလုပ်ခိုင်း …





ခရေက ငွေကြေးချမ်းသာသော်လည်း မာန်မာနမရှိ စေတနာအလွန် ကောင်းသော သူတစ်ယောက်ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

သစ္စာမရှိသူ၏ရင်ခွင်သို့ ရောက်နေသည့် ချစ်သူကို
သတိပေးသံကြီးက ...



## အခန်း (၁၆)

"တီ ... တီ ... တီ ..."

ခြံဝကားဟွန်းသံကြောင့် ဦးစိုင်းကခြံတံခါးနားသို့သွား၍ ဟွန်းသံပေးသောကားထဲရှိလူအား ...

"ဘာကိစ္စရှိလို့လဲ"

ခြံထဲမှမေးလိုက်သည်။

"ခရေ့ဆီလာတာပါ ... သူ့သူငယ်ချင်း မင်းသတ္တပါ"

"ခဏလေးမောင်ရင် ... ဦး ခရေကိုသွားပြောလိုက်ဦးမယ်"

"ဟုတ်ကဲ့"

ဦးစိုင်းက အိမ်ထဲသို့ဝင်၍ ခရေကို အကျိုးအကြောင်းမေးပြီး ပြန်ထွက်လာကာ ခြံတံခါးကိုဖွင့်ပေးလိုက်သည်။

ကားထဲမှဆင်းလာပြီး အိမ်ထဲဝင်လာသည့် မင်းသတ္တကို ခရေက–

"လာ မင်းသတ္တ ... မင်းသတ္တလာမယ်ဆိုလို့ ခရေစောင့်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ခရေ ... သက်သာရဲ့လား"

"နေမကောင်းတာ နည်းနည်းပါးပါးပါ ထိုင်လေ"

ခရေက ဆိုဖာထိုင်ခုံတွင် မင်းသတ္တကိုထိုင်စေလိုက်သည်။ မင်းသတ္တက ညှော်ခန်းတစ်ခုလုံးကို မျက်လုံးဝေ့ကြည့်ပြီး ...

"ခရေ အိမ်က တကယ်ခမ်းနားတာပဲ"

"မင်းသတ္တ ပြောသလောက်လည်းမဟုတ်ပါဘူး၊ မင်းသတ္တ ဘာသောက်မလဲ အပူလား၊ အအေးလား"

"ရတယ် ... သောက်ခဲ့ပြီးပြီ"

မင်းသတ္တလက်ကာပြပြီးပြောသည်။

"မင်းသတ္တရဲ့နှလုံးခုန်သံက ပုံမှန်ပဲလား"

"ပုံမှန်ထက် ပိုနေလို့ခက်တာပေါ့"

"ဟင် ... ဘယ်လိုဖြစ်နေလို့လဲ"

ခရေက စိုးရိမ်တကြီးမေးလိုက်သည်။

"ကျွန်တော့်နှလုံးသားက တစ်ခုခုလိုနေသလိုပဲ၊ ကျန်းမာရေးကတော့ ကောင်းပါတယ် ခက်တယ်ဗျာ"

"ဘာလဲဟင် ... ဘာခက်တာလဲ၊ မောင့်နှလုံးသားက မင်းသတ္တရဲ့ အဆင်မပြေလို့လား"

"ကျွန်တော် ... သက်တန့်နှလုံးသားကို အစားထိုးလိုက်တော့ သူ ခံစားရသလို လိုက်ခံစားနေရတယ်"

"ဟင်"

စကားကို တစ်လုံးချင်းပြောတဲ့ မင်းသတ္တကို တအံ့တသြကြည့်လိုက်သည်။ သူ ... တကယ်ပဲ မောင့်လိုခံစားရလား ...





"ကျွန်တော် ... သက်တန့်အမေဆီကိုရောက်ပြီးပြီ ... ကိုယ့်အိမ်လို ခံစားရတယ်ဗျာ ... သက်တန့်တီးတီးနေတဲ့စန္ဒယားကိုတောင် တီးချင်စိတ်ဖြစ်မိတယ်"

"ဟင် ... တကယ် အဲဒီလိုဖြစ်လို့လား"

"ဖြစ်တာပေါ့ ... ကျွန်တော်က စန္ဒယားမတီးတတ်တာခက်တယ်၊ အခုလည်း ... "

မင်းသတ္တစကားကိုဆက်ပြောရန် သင့်မသင့် စဉ်းစားလိုက်ပုံရသည်။ ခရေက မင်းသတ္တ ဘာဆက်ပြောမလဲ နားထောင်နေသည်။

"ပြောလေ ... ပြော ... အခုလာဖြစ်လဲ"

"သက်တန့်နှလုံးသားက ခရေ့ဆီကို အရမ်းလာချင်နေတယ်"

"မောင့် ... နှလုံးသားက ... "

"ဟုတ်တယ် ... ကျွန်တော် ခရေ့ကို အားနာပါတယ်"

ခရေ ... ရင်ထဲကြိတ်ဝမ်းသာလို့သွားသည်။ သူကိုယ်တိုင်ကလည်း ဘာကတွင် တစ်ခုတည်းသောကျန်ခဲ့သည့် သက်တန့်နှလုံးသားကို အမြဲမက်မောခဲ့တာလေ ...

"ခရေ ... မင်းသတ္တကိုတောင်းဆိုစရာရှိတယ်"

"ပြောပါ ခရေ ... ပြောပါ"

"မောင်ဟာ အရမ်းကိုဖြူစင်တဲ့သူတစ်ယောက်ပါ ... သူ့နှလုံးသားကလည်း လူတိုင်းအပေါ်မှာ စာနာနားလည်စိတ်ရှိတယ် ...

သစ္စာလည်းရှိသလို ... အချစ်နဲ့ပတ်သတ်ရင်လည်း ခရေတစ်ယောက်ကိုပဲချစ်ခဲ့တယ်"

"ကျွန်တော် သိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မောင့်နှလုံးသားနဲ့ မင်းသတ္တာဆိုတဲ့လူဟာလည်း မောင့်လို နေပေးပါ လို့"

"စိတ်ချ _ ခရေ _ ကျွန်တော်ရှင်သန်ခွင့်ရတာ သက်တန့်ကြောင့် ပါ _ သက်တန့်လိုပဲ စိတ်ထားနိုင်အောင် ကျွန်တော်ကြိုးစားမှာပါ"

"ကျေးဇူးတင်ပါတယ် မင်းသတ္တာ ခရေမောင့်နှလုံးခုန်သံကို နားထောင် ချင်ပါတယ်"

"ရတယ် ... ခရေ ... ရတယ်"

ခရေထိုင်ရာမှထ၍ မင်းသတ္တာရှေ့တွင် ဒူးထောက်ထိုင်ချလိုက်သည်။ ပြီးတော့ ခေါင်းကို မင်းသတ္တာရင်ခွင်ထဲတိုး၍ နားနှင့်ရင်ဘတ်ကိုကပ်လိုက်သည်။

"ဒိုး ..."

"ဟာ ..."

"ဟင် ..."

ညှော်ခနဲ ဗီရိုပေါ်တင်ထားသည့် ပန်းပုရုပ်တုကြမ်းပြင်ပေါ်သို့ ပြုတ်ကျ သွားသည်။ မင်းသတ္တာနှင့်ခရေ လန့်ပြီး တစ်ယောက်မျက်နှာတစ်ယောက်ကြည့် လိုက်၏။ ခရေ မင်းသတ္တာရှေ့မှချက်ချင်းထပြီး ထိုင်ခုံပေါ်တွင်သွားထိုင်နေလိုက် သည်။ မျက်လုံးတွင်လည်း သက်တန့်ရဲ့ပုံရိပ်တို့ကို မြင်ယောင်လာသည်။

မင်းသတ္တာကတော့ စိတ်ထဲမှာ အနည်းငယ်ထင့်သွားသည်။

"ဘာဖြစ်တာလဲ ... ခရေ"

"မောင် ... မောင် ... မကြိုက်ဘူးနဲ့တူတယ်"

"ဘယ် _ ဘယ်လို _ ဘာကိုမကြိုက်တာလဲ သက်တန့်က _"

မင်းသတ္တာစကားလုံးတွေက အထစ်ထစ်အငေါ့ငေါ့ဖြစ်နေသည်။

"ဘာမှမဟုတ်ပါဘူး ... မင်းသတ္တာပြန်ချင်ပြန်တော့လေ ..."





"ခရေ _ ကျွန်တော် ဘာမှနားမလည်တော့ဘူး"

ခရေ့မျက်နှာကတော့ တည်တည်နှင့်ပင် ... သူ့ဘေးတွင်လည်း သက်တန့်ရှိနေသည်ဟု ခံစားရသည်။

"မင်းသတ္တာနားလည်အောင် ခရေမပြောတတ်ဘူး။ ဒါပေမဲ့ ခရေ့နားမှာ မောင်ရှိနေတယ်လို့ထင်တယ်"

"ကျွန် ... ကျွန်တော်ပြန်တော့မယ်"

ပြောကာ မင်းသတ္တာ သွက်လက်သောခြေလှမ်းတို့ဖြင့် အိမ်ပေါ်မှဆင်း လာခဲ့သည်။ ကားဆီရောက်သောအခါ စိတ်ကလောနေ၍လားမသိ ကားတံခါးဖွင့် ခက်နေသည်။

"မောင်ရင် သော့ပိတ်ခဲ့တာလေ ဒီအတိုင်းဆွဲဖွင့်လို့ ဘယ်ရမလဲ"

ဦးစိုင်းက အိမ်ဝမှလှမ်းပြောလိုက်ရာ မင်းသတ္တာသတိရသွားပြီး အိတ်ထဲ မှသော့ကိုထုတ်၍ ကားတံခါးကိုဖွင့်လိုက်သည်။ ထိုအခါမှ တံခါးပွင့်သို့သွား သည်။

"ဟူး ..."

ကားပေါ်တက်ပြီး မောင်းထွက်လာတော့ ခြံဝတွင်[illegible]ကြီးကို တွေ့လိုက်ရသည်။

"တီ တီ တီ ..."

ဟွန်းသံပေး၍ မောင်းထွက်လာတော့ [illegible]ရှောင်လိုက်ပြီး သံပြိုင် ...

"အူ ... ဝူး ... အူ"

ဝိုင်းအူလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

မောင့်နှလုံးသားဟာ သူ့နဲ့ ဝေးနေလို့ ...
ချစ်တဲ့မျက်ရည်များနှင့်အတူ တစ်ယောက်တည်းရှာ ......



အခန်း (၁၇)

ဒီသတင်းကိုယူလာသူကတော့ ကေနိုင်ဖြစ်သည်။ သူတို့ သုံးယောက်စုံ တော့ ညှိခန်းတွင်ထိုင်ပြောဖြစ်ကြသည်။

"မင်းသတ္တသူငယ်ချင်း ရဲမင်းဆိုတဲ့လူက တို့ရုံးမှာ အလုပ်လုပ်တယ်၊ ဆို မင်းသတ္တကရည်းစားတစ်ယောက်ပြီးတစ်ယောက်တွဲတယ်တဲ့"

"ဟင်"

ခရေ မျက်နှာတင်းလို့သွားသည်။ နီလာက ကေနိုင်အား ...

"ဟုတ်လို့လား ကေနိုင်ရယ် ... မင်းသတ္တကအရင်ကဆို ရည်းစား ယောက်မှမရှိဘူး"

"အရင်က သူမှကျန်းမာရေးမကောင်းတာ၊ အခုဆိုလူကောင်းတစ် တက် ဖြစ်သွားပြီလေ၊ တက်လိုက်တဲ့ ကာလပ်အစုံပဲ ... "

ခရေဘာမှမပြောပေမယ့် ဒေါသကြောင့်မျက်နှာမှာတင်းမာလို့နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းသတ္တနဲ့ ငါအပြတ်ရှင်းမယ်"

"ဟင်"

"ခရေ ... သူဟာသူ ရှုပ်ပွေတာ နင်နဲ့ဘာဆိုင်လို့လဲ ... "

"ဆိုင်တယ် ... သူ အင်မတန် သစ္စာကြီးတဲ့ မောင့်နှလုံးသားကို ပိုင်ဆိုင်ပါလျှက် အခုလို သစ္စာမဲ့တဲ့အလုပ်ကိုလုပ်တယ် ...

သူ့ဆီမှာ မောင့်နှလုံးသားရှိတာ လုံ၀မတန်ဘူး။ သူ့ရင်ကမောင့်နှလုံးသားကို ပြန်ထုတ်မယ်"

"ခရေ ... "

ကေခိုင်က ခရေကိုအလန့်တကြားနှင့် လှမ်းအော်သည်။ ဖြူနုသော ခရေ့မျက်နှာက ရဲတက်နေသည်။

"သူ့ဘ၀နဲ့သူပဲရှိပါစေတော့ ခရေရယ်"

"ဟုတ်တယ် ... ခရေ ... နင့်စိတ်ထဲ ဘာမှမထားနဲ့ သက်တန့် လှူလိုက်တာပဲ စိတ်လျှော့နော်"

ကေခိုင်နှင့် နီလာကဝိုင်း၍ဖျောင်းဖျသော်လည်း ခရေကလုံး၀ ပြေလျှော့ခြင်းမရှိ။ အံကိုတင်းတင်းကြိတ်ထားသည်။

"အိပ်ကြရအောင် ခရေ ... ညဉ့်နက်နေပြီ၊ နင့်ရင်ထဲမှာ အကုန် လုံးမေ့လိုက်"

"မမေ့ဘူး ... ငါလုံး၀ မမေ့ဘူး။ နင်တို့အိပ်ချင်အိပ်တော့ ... မနက်ဖြန်ကျရင် ဒီကောင်နဲ့ငါ အပြတ်ရှင်းမယ်"

ခရေရဲ့စကားလုံးတွေက ပြတ်သားလွန်းတာကြောင့် ကေခိုင်နှင့် နီလာက ဘာမှဆက်မပြောတော့ဘဲ အိပ်ခန်းဆီသို့သာ၀င်လာခဲ့သည်။

ခဏကြာတော့ ...





ခရေလည်း သက်တန့်ဝိညာဉ်ရှိသည့်အခန်းသို့၀င်လာခဲ့သည်။ အခန်းတစ်ခန်းလုံးမှောင်မဲလို့နေသည်။ ခရေပန်းရနံ့တို့ကလည်း သင်းပျံ့ဖုံ့ မွှေးနေသည်။

ကျင့်သားရနေသည့် ခရေ့မျက်လုံးတို့က စားပွဲခုံပေါ်တွင်မှန်ဘောင် နှင့် ထောင်ထားသည့် သက်တန့်ဓာတ်ပုံရှေ့တွင် ဒူးထောက်၍ ...

"မောင် ... မောင့်နှလုံးသားကို မင်းသတ္တကိုပေးခဲ့တာ အရမ်းမှားတယ် မောင်၊ ဒီကောင် သစ္စာမရှိဘူး ...

မောင့်နှလုံးသားနဲ့ လုံး၀မထိုက်တန်တဲ့ မင်းသတ္တဆီကပြန်ယူဖို့ ဆုံးဖြတ်လိုက်ပြီ"

လေးနက်တည်ကြည်စွာနှင့် စကားလုံးတို့ကပြန့်လွင့်သွားသည် ပြီးနောက် ...

တဖြည်းဖြည်းပြန်၍ မတ်တတ်ရပ်လိုက်ပြီး သက်တန့်ဓာတ်ပုံကိုလည် ၎င်ခွင်ထဲပိုက်ထားလိုက်သည်။

"မောင့်ရင်ခုန်သံကို ခရေ အရမ်းမြတ်နိုးခဲ့တာပါ၊ ခုတော့ ... ခရေ နားထောင်ခွင့်ရမှာမဟုတ်တော့ဘူး"

ပြောလည်းပြော ပါးပေါ်သို့ မျက်ရည်များစီးကျလာလို့လာသည်။

"သမီး ... "

"ဟင် ... အဘ"

"အဲဒီအခန်းထဲက ထွက်လာခဲ့ပါ သမီးရယ် အရမ်းမှောင်ပါတယ်"

ဦးစိုင်းက အခန်းအပြင်ဘက်မှရပ်၍ ခရေကိုပြောလိုက်သည်။ ခရေ သက်တန့်၏ဓာတ်ပုံကို စားပွဲပေါ်ပြန်တင်၍ ...

"ခရေ ... သွားမယ် မောင်"



www.burmeseclassic.com

www.burmeseclassic.com



ပြောကာ အခန်းပြင်သို့ထွက်လာသည်။ ဦးစိုင်းက စိတ်မကောင်းစွာနှင့်

"သမီး ... အိပ်တော့နော်"

"အဘရယ်"

ဦးစိုင်းရင်ခွင်ထဲဝင်ပြီး ခရေ အားရပါးရငိုချလိုက်သည်။ ယော်စဉ်က တည်းက ချိုးထိန်းသိမ်းခဲ့သည့် သံယောဇဉ်ကကြီးလွန်းလှတာကြောင့် ဦးစိုင်းက ခရေကို ကျောကိုအသာသပ်ပြီးနှစ်သိမ့်ပေး၏။

ခရေ ငိုလို့အားရတော့ ဦးစိုင်းအား ...

"အဘ _ မင်းသတ္တုဆီက မောင့်နှလုံးသားကို ခရေလိုချင်တယ်"

"ဟင် ... ဘာလို့လဲ ... သမီးရယ်"

"သစ္စာမရှိတဲ့လူ့ဆီမှာ မောင့်နှလုံးသား မရှိသင့်ဘူးလေ _ "

ပြော၍ ငိုလိုက်လုပ်နေသော ခရေကို ဦးစိုင်းက ...

"တိတ် ... သမီး ... သမီးတကယ်လိုချင်တာလား"

"တကယ်လိုချင်တာ"

"အဘ ပြန်ယူပေးမယ်"

ဦးစိုင်း အသံကပြတ်သားလွန်းလှသည်။ ခရေက ...

"မဟုတ်ဘူး အဘ၊ ခရေ့ဘာသာသွားယူမှာ၊ အဘသွားမယူနဲ့"

"သမီး ... ဖြစ်ချင်တာ မင်းသတ္တုဆီမှာရှိတဲ့ သက်တန့်နှလုံးသား မလား၊ ရစေရမယ် အခုတော့ အိပ်တော့နော်"

ပြော၍ အိပ်ခန်းဆီသို့ လိုက်ပို့လိုက်သည်။ ခရေလည်းအခန်းထဲ ၌ ခုတင်ပေါ်တွင်လှဲကာနေလိုက်တော့သည်။



ကားလေးက တရိပ်ရိပ်ပြေးနေသည်။ ညအမှောင်မှာမို့ ရှေ့ကားမီး ...သင်းရောင်ကို တောက်လျှောက်ထိုးလာရသည်။ လမ်းဘေးဝဲယာတစ်ဖက်ဆီမှ ...ပြင်တို့မှာ ရိပ်ခနဲကျန်ခဲ့သည်။

"မောင် _ ဘာလို့ ကားကိုအရမ်းမောင်းတာလဲ၊ အချိန်ထန်တော့ ...တ်သွားမှာပေါ့"

"နောက်ကျလို့မဖြစ်ဘူး ခရေရဲ့ _ မင်းသတ္တုအခြေအနေမကောင်း ...လို့ ခုနဖုန်းဝင်လာတယ်လေ ... သူသွေးလိုမှာ ကျိန်းသေတယ်"

ခရေ့ကိုမကြည့်ဘဲ ကားမောင်းရင်း သက်တန့်ကပြောခြင်းဖြစ်သည်။

သူတို့နှစ်ယောက် ပဲခူးဘက်သို့ ဘုရားဖူးထွက်လာရာ အပြန်တွင် ...လာသဖြင့် မင်းသတ္တု ဆေးရုံတင်ထားတာကိုသိရ၍ သက်တန့်က စိတ်ပူ ...နှင့် ကားကိုတရကြမ်းမောင်းလာခြင်းဖြစ်၏။

"မင်းသတ္တုနှလုံးက အတော်အခြေအနေဆိုးနေလား မောင်"

"ဆိုးတယ်လို့ပြောရမှာပဲ အလှူရှင်စောင့်နေရတာ _ ဖြစ်နိုင်ရင် ...နှလုံးကို လှူချင်လိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"အို ... နိမိတ်မရှိ မောင့်နှလုံးမရှိရင် မောင်သေသွားမှာပေါ့ ပြီးတော့ ..."

ခရေ စကားရပ်သွားတော့ သက်တန့်က ...

"ဘာဖြစ်လဲ ... ဆက်ပြောလေ"

"မောင့်နှလုံးခုန်သံကို ခရေနားထောင်ရမှာ မဟုတ်ဘူးလေ"

"ခရေရယ် ... မောင်ကလည်း ခရေကို သိပ်ချစ်ပါတယ်"

ကားမောင်းနေသည့်သက်တန့်ရင်ခွင်ထဲကို ခရေ ခေါင်းဝင်ကာနေလိုက်သည်။

"မောင် ... မိုးရွာလာပြီ သတိထားမောင်းနော်"

"စိတ်ချ ... ခရေ"

သက်တန့်က ကိုယ့်ကိုယ်ကိုယ် ယုံကြည်စွာနှင့်ပြောလိုက်၏။ အရှိန်ကိုတော့မလျှော့ ...

လှည်းကူးမြို့မှအထွက် ထောက်ကြံ့လမ်းဆုံလာသည့်လမ်းမှာ လယ်ကွင်းပြင်များနှင့် လွန်စွာရှည်လှသည်။

သက်တန့်ကားရှေ့တွင် ကုန်တင်ကားတစ်စီးရှိနေ၍ အရှိန်ကိုမလျှော့ဘဲ ဘေးမှအသာကပ်ကျော်လိုက်ရာ ...

"မောင့် ... ရှေ့မှာကား ... ကား"

တစ်ဘက်မှလာသည့် ကုန်ကားကဝင်လာသဖြင့် သက်တန့် ဘရိတ်ကို အချိန်မီနင်းလိုက်သော်လည်း လုံးဝမမီတော့ ...

"ဒိုး"

"အား ... "

"အား ... "





ခရေ ကံကောင်းစွာနှင့်ဘေးတံခါးပွင့်ကာ လမ်းဘေးသို့ လွင့်ကျသွားသည်။ သူတို့စီးလာသည့် ကားလေးကတော့ စိစိညက်ညက်ကြေသွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

သစ္စာမဲ့သူ့ရင်မှာရှိသော နှလုံးသားကို
ပြန်တောင်းသည့် တစ္ဆေမျိုး မိန်းမပျိုလေး



## အခန်း (၁၈)

"မောင် ... မောင် ... ဘယ်မှာလဲ"

"ခရေ ... သတိထားလေ ... သတိထား"

သတိရရချင်း ခရေ သက်တန့်ကိုမေးလိုက်သည်။ နီလာက ခရေ့ကို [illegible]ကြီးစွာနှင့် ...

"နင့်ခေါင်းနည်းနည်းထိထားတယ် မထနဲ့ ခရေ"

"မောင့်အခြေအနေ ဘယ်လိုလဲ နီလာပြောလေ"

နီလာမျက်နှာကမကောင်း ခရေကိုပြောဖို့ စကားလုံးရှာနေပုံရသည်။

"ပြော ... နီလာ ... မောင် ဘာမှမဖြစ်ဘူးမလား"

"သက်တန့် ... စောစောကပဲ ဆုံးသွားပြီ"

"ဟင်"

ခရေ ရုတ်တရက်ကြောင်သွားသည်။ ပြီးတော့ ပါးပေါ်သို့မျက်ရည်များ လိမ့်ချင်းကျလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒုတ်ရာကတော့ အတွင်းဒဏ်ရာလို့ ဆရာဝန်တွေကပြောတယ်၊ မသုံးခင် ခဏတော့ သတိရသေးတယ် ...

နှင့်အခြေအနေကိုမေးတယ်၊ ပြီးတော့ သူ့နှလုံးကောင်းရင် မင်းသတ္တ ကိုပေးလိုက်ပါတဲ့"

"ဟင့် ... ဟင့်"

ခရေ ငိုလို့သာနေတော့သည်။ နီလာပြောတဲ့စကားတွေကိုလည်း မကြားတစ်ချက် ကြားတစ်ချက်ဖြစ်လို့နေသည်။

"နှင် အရမ်းကံကောင်းတာပဲ ခရေရယ် ... ဒဏ်ရာက ဒီလော မဟုတ်ဘူး၊ မနက်ဖြန်မနက် ဆရာဝန်ကြီးတွေလာကြည့်ပြီးရင် ဆင်းရမ ထင်တယ်"

"ငါ မောင့်ကို ကြည့်ချင်သေးတယ်"

"ရမယ်မထင်ပါဘူး၊ နှလုံးထုတ်ရမှာဆိုတော့ သင်္ဂြိုဟ်တဲ့နေ့မှပဲ ကြ လို့ရမယ်ထင်တယ်"

"..."

ခရေ ဘာမှမပြောတော့ ပါးပေါ်တို့ကျလာသည့် မျက်ရည်တို့ မငိုဘဲနှင့် လိမ့်ကာဆင်းနေလေတော့သည်။



မင်းသတ္တ လက်မှနာရီကိုကြည့်လိုက်သည်။ ခုနစ်နာရီထိုးဖို့ ဆယ်မိနစ် သာလိုတော့သည်။ ခရေက ခုနစ်နာရီ အင်းလျားကန်ဘောင်တွင်တွေ့မည်ဟု ချိန်းဆိုထားသဖြင့် လာစောင့်နေခြင်းလည်းဖြစ်သည်။

ကန်ရေပြင်ကို ဖြတ်တိုက်သည့် လေတို့ကလည်း တဟူးဟူးနှင့် တိုက်နေ၏။

လက်ကနာရီကို တကြည့်ကြည့်နှင့်စိတ်ကလောနေသည်။ သက်တန့်ကို လွမ်းနေသည့်ကောင်မလေး ... သူ့ရင်မှာရှိသည့် နှလုံးသားရဲ့ရင်ခုန်သံကို ... တ်မောသူလေး ...

လွန်စွာချောမောလှပသည့် မိန်းမချောလေးကို ရင်ခွင်ထဲထည့်ပြီး နှလုံးသားသံနားထောင်ကာ အလွန်ကိုကြည်နူးလို့မဆုံးဖြစ်မိသည်။

သက်တန့်ရဲ့နှလုံးသား သူ့ရင်ကိုရောက်နေတာ သူကံထူးသည်ဟုဆိုရ ည်ဖြစ်သည်။

ဟိုတစ်ချိန်တည်းက တစ်ဖက်သက်ကြိတ်စွဲလမ်းခဲ့ရသောခရေကို ...မှာခုတုံးလုပ်၍ ခရေကိုပိုင်ဆိုင်ဖို့ကြိုးစားရမည်လေ ...



www.burmeseclassic.com

ဘဝတစ်လျှောက်လုံး ဆေးရုံနှင့်အိမ် ဆေးရုံနှင့်ကျောင်း နေလာရသည့် ...အတွက် အခုလိုကျန်းမာရေးကောင်းတော့ သူလုပ်ချင်ရာတွေကို လုပ်ခဲ့သည်။

မိန်းမချောလေးတွေကို ထည့်လဲတွဲကာ ကြည်နူးပျော်သည့်ဘဝကို ...ကျုနုပ်ပေးမယ့် လိုအပ်နေသေးတာကတော့ ခရေဆိုတဲ့ ကောင်မလေး၏ အချစ်ပဲဖြစ်သည်။

"မင်းသတ္တ ရောက်တာကြာပြီလား"

"ဟင်"

နောက်ကျောမှ ထွက်ပေါ်လာသည့် အသံကြောင့် မင်းသတ္တလန့်သွားသည်။ ပြီးမှ ...

"ခရေ ... လာ ... ကျွန်တော်စောင့်နေတာကြာပြီ"

"နာရီကြည့်ပါဦး"

မင်းသတ္တ လက်မှနာရီကိုကြည့်လိုက်တော့ ခုနစ်နာရီတိတိ —

"ဟုတ်သားပဲ — ခရေက အတိအကျလာတာပဲ"

"ခရေက ဘာလုပ်လုပ် တိတိကျကျပဲ — ပေးစရာဆိုလည်း အတိအကျ၊ ရစရာရှိလည်း အတိအကျပဲ"

"ကျွန်တော် ခရေ့ကိုကြိုက်တာ အဲဒါတွေပဲ — ခရေ့စိတ်ဓာတ်ကို အရမ်းသဘောကျတယ်ဗျာ"

စကားအပြောကောင်းသူပီပီ ခရေကို မြှောက်ပင့်ပြောဆိုနေသည်။ ခရေက မင်းသတ္တ ဘေးခုံနေရာတွင် ဝင်ထိုင်လိုက်သည်။

"ခရေနဲ့ မောင်လည်း အခုလို ညနေလေးမှာ ဒီအင်းလျားကန်ဘောင်မှာ ထိုင်ဖူးတယ်"

"အခု ကျွန်တော်နဲ့ထိုင်တာ ဘယ်လိုခံစားရလဲ"





"ဘာကိုဆိုလိုတာလဲ မင်းသတ္တ"

ခရေက မင်းသတ္တကိုစေ့စေ့ကြည့်ရင်းမေးလိုက်၏။

"ဒီလိုလေ — ကျွန်တော့်ရင်မှာ သက်တန့်နှလုံးသားရှိတယ်မလား၊ ...ကျွန်တော်လည်း ခရေခံစားရသလို ခံစားလို့ရပါတယ်"

"ဟင်း ... ဟင်း ... ဟင်း"

ခရေ့ရယ်သံက လှောင်ပြောင်တဲ့အသံမှန်း မင်းသတ္တခံစားလိုက်ရသည်။

"ကျွန်တော်လေ — ခရေကို အမြဲတွေ့နေချင်သလို ခရေ့အကြောင်း ...ရင် ရင်ထဲကစူးစူးနစ်နစ်ကိုဖြစ်နေတော့တာပဲ"

"မင်းသတ္တပြောတာ တကယ်ပဲလား"

"ဟာ — တကယ်ပေါ့"

"ကောင်းပြီလေ ... မင်းသတ္တပြောတာအမှန်ပဲဆိုရင် ခရေ မောင့် ...ခံစားကျေးဇူးတင်ပါတယ် — "

"ဟင်"

ခရေ ဘာပြောပြော သက်တန့်အတွက်သာ ဦးတည်နေတာမို့ မင်းသတ္တ ...ဆက်ပြောရမှန်းမသိ ဖြစ်လို့သွား၏။

"ခရေ — မင်းသတ္တဆီက မောင့်နှလုံးခုန်သံကို နားထောင်ချင်တယ်"

"ရတယ် ... နားထောင်ပါ"

ခရေက မင်းသတ္တရင်ခွင်ထဲဝင်ပြီး ရင်ဘတ်ကိုနားနှင့်ကပ်လျှက် ...ခုန်သံကိုနားထောင်ရင်း ပါးပေါ်သို့မျက်ရည်များစီးကျလာသည်။

အခုတစ်ခါနားထောင်ရတာ နောက်ဆုံးအကြိမ်ပဲမလား။ ခဏကြာတွင် ...လာသော မားကိုအသာထုတ်လိုက်စဉ် —

www.burmeseclassic.com



"ခရေ … ဘာလုပ်တာလဲ"

မင်းသတ္တမြင်သွားပြီး ခရေ့ကိုသူ့ရင်ခွင်ထဲမှဆွဲထုတ်လိုက်၏။

"ဘာလုပ်တာလဲ ဟုတ်လား … မင်းသတ္တ … နင့်ဆီက မောင့်နှလုံးသား လာယူတာ"

"ဘာ … ဘယ်လို"

ဓားကိုင်ထားသည့် ခရေ့ကိုကြည့်ပြီး ထိတ်လန့်စွာနဲ့ မင်းသတ္တ မေးလိုက်သည်။

"နင့်လို သစ္စာမဲ့တဲ့လူနဲ့ … မောင်နှလုံးသား တန်လို့လား"

"ခရေ … ဘာတွေပြောနေတာလဲ၊ ကျွန်တော်နားမလည်ဘူး"

"မလိုဘူး … နင့်ဆီက မောင့်နှလုံးကို ငါပြန်ယူမယ်"

ပြောလျှက် ရှေ့သို့တစ်လှမ်းချင်းတိုးလာတာကြောင့် မင်းသတ္တ နောက်သို့တဖြည်းဖြည်းဆုတ်လိုက်၏။

"ဘာလဲ … သိပ်ကြောက်နေလား၊ မောင့်နှလုံးပဲယူမှာပါ"

"မလုပ်နဲ့ … မလုပ်နဲ့"

ပြော၍ ကန်ဘောင်မှပြေးဆင်းသွားရာ ခရေလည်း ဓားကိုကိုင်လျှက် နောက်မှအပြေးလိုက်လေရာ ကားလမ်းကိုဖြတ်၍ မင်းသတ္တ ကြောက်လန့်တကြား ပြေးသဖြင့် အရှိန်ပြင်းစွာဝင်လာသော ကားတစ်စီးနှင့်တိုက်မိသွားတော့သည်။

"အား"

မင်းသတ္တ၏ သွေးပျက်ဖွယ်အော်ဟစ်သံက ပတ်ဝန်းကျင်တစ်ခုလုံး ဖုံးသွားတော့သည်။



နိဂုံး

မင်းသတ္တ

အသက် (၂၂) နှစ်

အုတ်ဂူဖြူဖြူလေးရှေ့တွင် ခရေ မတ်တတ်ရပ်လိုက်ပြီး …

"မောင့်နှလုံးသားကို ဒီနေရာမှာ သင်္ဂြိုဟ်လိုက်တာ ခရေ ကျေနပ်တယ် သိလား … သစ္စာမရှိတဲ့သူရဲ့ရင်မှာရှိနေတာထက် သင်္ဂြိုဟ်ခံရတာပိုကောင်းပါတယ် …

တကယ်ဆို မင်းသတ္တလိုလူမျိုးအတွက် မောင့်နှလုံးသားမဲ့တော့ပါဘူး။ အခုလိုအခြေအနေမျိုးကို ခရေ ကျေနပ်ပါတယ်"

ပြော၍ အုတ်ဂူလေးကိုကျောခိုင်းကာ သင်္ချိုင်းအပြင်ဘက်ဆီသို့ ထွက်လာခဲ့သည်။

သူထွက်လာသည့်လမ်းတစ်လျှောက်မှာတော့ ခရေပန်းအဖြူကလေး တွေကို တစ်ပွင့်စီချလျှက်ထားခဲ့သည်။

ခရေ … မောင့်နှလုံးသားကို အပြီးသင်္ဂြိုဟ်လိုက်ပြီးနောက် မောင့် ဝိညာဉ်ကိုလည်း ထိန်းချုပ်မထားချင်တော့ …



www.burmeseclassic.com

www.burmeseclassic.com



အရာရာဟာ ပြီးဆုံးခဲ့ပြီလေ ...

ခရေ _ ကိုယ်တိုင်ပင် မောင့်ကို ကောင်းရာမွန်ရာဘုံဘဝတစ်ခုကို ရောက်စေဖို့ အလှူအတန်းပြုဖို့ ဆုံးဖြတ်ထားသည်။ စိတ်၏အစွဲအလမ်းနှင့် တမလွန်ကမောင့်အပေါ် ရူးသွပ်သည့် စိတ်တို့ကိုဖြေလျော့ကာ အကောင်းဆုံး ကိုလုပ်ဖို့သာ ခရေ တွေးထားလိုက်သည်။

"ရှဲ"

လေတစ်ချက်အဝှေ့မှာ သချိုင်းထဲမှ သစ်ရွက်ခြောက်တို့၏ လွင့်ထွက် လာသည့်အသံကြောင့် ခရေ နောက်လှည့်ကြည့်လိုက်ရာ ...

"ဟင်"

မောင်လား မင်းသတ္တလားတော့မသိ ... ခပ်ဝါးဝါးပုံရိပ်တစ်ခုက သူ့ကို ရီဝေဝေလှမ်းကြည့်သည်။

"ငါစိတ်ထင်တာပဲနေမှာပါ"

တွေးလိုက်ပြီး ကားပေါ်တက်ကာ သချိုင်းမှမောင်းထွက်လာခဲ့တော့ သည်။

ပြီး။

သစ်ငုတ်မိုးတဲ့ဗိုးသူညာ

---

ခိုင်ခိုင်အောင်စာပေ

BURMESE CLASSIC

www.burmeseclassic.com